# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလဆန်း (၁၀) ရက် ၊ စနေနေ့ ၊ (31-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်




**နေပြည်တော် ဒီဇင်ဘာ ၃၀**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှု အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။


**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပထမဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။**




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်
အယ်ဒီတာ့အာဘော်

# နှစ်ဟောင်းမှအတွေ့အကြုံ နှစ်သစ်အတွက်သင်ခန်းစာ

နှစ်ဟောင်းကုန်၍ မကြာခင် နှစ်သစ်တစ်ခုသို့ရောက်တော့မည်။ ခရစ်နှစ်သည် ကမ္ဘာသုံးဖြစ်သောကြောင့် ၂၀၂၂ ခုနှစ်ကုန်ပြီး ၂၀၂၃ ခုနှစ်သို့ စတင်ရောက်ရှိကူးပြောင်းသည့် နှစ်သစ်ကူးကာလကို ပွဲတော်တစ်ရပ်အဖြစ် ပျော်ပျော်ရွှင်ရွှင် နှစ်ကူးမင်္ဂလာပြုကြလေ့ရှိသည်။

နှစ်သစ်မကူးပြောင်းမီ ကုန်ဆုံးသွားသော နှစ်တစ်နှစ်ကို အောက်မေ့တသ သတိရပြီး ကြုံဆုံခဲ့ရသည့် အခက်အခဲစိန်ခေါ်မှုများ၊ ပျော်ရွှင်ကြည်နူးစရာအခိုက်အတန့်များကို ပြန်လည်ဆန်းစစ်ကြလေ့ရှိသည်။ လူတိုင်းသည် ဘဝတွင် အကောင်းဆုံးအရာကို မျှော်မှန်းပြီး ရုန်းကန်လှုပ်ရှားနေကြသည်။ ထိုသို့ ရုန်းကန်လှုပ်ရှားရင်း အသက်ကြီးကာ အိုမင်းရင့်ရော်လာကြသည်။ တစ်နှစ်တာကာလသည် အလုပ်လုပ်နေသူများအတွက် အချိန်သည် ကုန်မှန်းမသိ ကုန်ဆုံးသွားသည်။ နှစ်သစ်ရောက်ခါနီးပြီဖြစ်သဖြင့် နှစ်ဟောင်းကိုကြည့်ပြီး မိမိ တစ်နှစ်တာဖြတ်သန်းခဲ့သော အတွေ့အကြုံများကို သင်ခန်းစာယူ၍ နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်များကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန်ဖြစ်သည်။

နှစ်ဟောင်းတွင်ဆောင်ရွက်ခဲ့မှုများကို သုံးသပ်သင့်ပေသည်။ နှစ်ဟောင်းတွင် ပျော်ရွှင်စရာအောင်မြင်မှုများစွာရရှိနိုင်ခဲ့သလို ရင်နာဖွယ်ရာဖြစ်ရပ်များကိုလည်း ကြုံတွေ့ရနိုင်သည်။ ထိုအောင်မြင်မှုနှင့် ရင်နာဖွယ်ရာတို့သည် လူတစ်ဦးချင်းစီ၏ လုပ်ကိုင်ဆောင်ရွက်မှုအပေါ် မူတည်၍ကွဲပြားမှုရှိနိုင်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုးကိုဒွန်တွဲ၍ ကြုံတွေ့ခဲ့ရသကဲ့သို့ အောင်မြင်ခြင်း၊ ကျရှုံးခြင်းများလည်းရှိနိုင်ပေသည်။ အထူးသဖြင့် နေ့စဉ် စားဝတ်နေရေးအတွက် ရှာဖွေကြရာတွင် စိတ်ထားကောင်းရှိရန်လိုသည်။ မည်သည့်အရာတွင်မဆို ကိုယ်ချင်းစာတရားလက်ကိုင်ထားကြရမည်ဖြစ်သည်။

လက်ရှိ ၂၀၂၂ ခုနှစ်တစ်လျှောက်ဖြတ်သန်းစဉ် ပုထုဇဉ်လူသားများဖြစ်သည့်အတွက် ကိုယ်နှုတ်နှလုံးသုံးပါး၌ အမှားအယွင်းများရှိခဲ့ပေမည်။ မိမိကြုံဆုံခဲ့ရသော အခက်အခဲအမှားအယွင်းများကို လာမည့်နှစ်သစ်တွင် ဆက်လက်မဖြစ်ပေါ်စေရန် စောင့်ထိန်းလိုက်နာဆင်ခြင်ပြုပြင်ကြရပါမည်။ လူ့ဘဝသည် အင်မတန် သက်တမ်းတိုတောင်းကြောင်း ဘုရားရှင်ဟောကြားထားပါသည်။ တိုတောင်းသောသက်တမ်းကာလအတွင်း သက်ရှင်ရပ်တည်နေသမျှကာလပတ်လုံး ပြော၊ ပြု၊ တွေးလျှင် သတိယှဉ်၍ အတ္တ ပရ မျှတဟန်ချက်ညီအောင် စိတ်ထားကောင်းထား၍ ကြိုးစားအားထုတ်ဆောင်ရွက်ကြပါက နှစ်သစ်ချိန်ခါကစပြီး ကောင်းကျိုးမင်္ဂလာပြည့်စုံလာမည်ဖြစ်ပါသည်။

မကြာမီ နှစ်သစ်ကူးတော့မည်ဖြစ်သောကြောင့် နှစ်ဟောင်းတွင် လုပ်ဆောင်ခဲ့သည့် အရာများအနက် ငွေကြေးဥစ္စာ၊ ရာထူး၊ အဆင့်များ တိုးတက်ပိုင်ဆိုင်မှု မရရှိခဲ့သည့်တိုင် စာရိတ္တပိုင်းဆိုင်ရာတွင် ဆုတ်ယုတ်မှုမရှိခဲ့လျှင် အောင်မြင်မှုရှိသေးသည်ဟုဆိုချင်ပါသည်။ ဥပမာ-အဂတိလိုက်စားမှုကင်းရှင်းခြင်း၊ လုပ်ငန်းတာဝန်ကို မခိုမကတ်ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ သူတစ်ပါးအပေါ် အကောင်းမြင်စိတ်ထားခြင်း၊ လုပ်ပိုင်ခွင့်ကိုတလွဲအသုံးမချခြင်း စသည့်အခြေခံကျင့်ဝတ်များကို လိုက်နာခဲ့မည်ဆိုလျှင် အောင်မြင်မှုရရှိသည်ဟု ဆိုချင်ပါသည်။ ထိုသို့မဟုတ်ဘဲ နှစ်ဟောင်းတွင် မိမိအကျိုး၊ မိသားစုအကျိုး၊ တိုင်းပြည်အကျိုးအတွက် တစ်စုံတစ်ရာမှ ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းမရှိလျှင် တစ်နှစ်ဆိုသောအချိန်ကို အလဟဿဖြုန်းတီးခဲ့သလို ဖြစ်နေမည်ဖြစ်သည်။

သို့ဖြစ်ရာ နှစ်ဟောင်းမှ အောင်မြင်မှု၊ ကျရှုံးမှု၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားမှုအတွေ့အကြုံများကို ပြန်လည်ဆန်းစစ်ပြီး သင်ခန်းစာယူကာ မကြာမီ ကျရောက်တော့မည့် ၂၀၂၃ နှစ်သစ်ချိန်ခါသမယတွင် စိတ်သစ်၊ လူသစ်ဖြင့် သစ်လွင်သော အနာဂတ်ခရီးကိုလျှောက်လှမ်းရန် ပြင်ဆင်ကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

# (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မလှိုင်မြို့နယ်တွင် လယ်တာကောင်းဓာတ်အားခွဲရုံ ဖွင့်လှစ်



**မန္တလေး ဒီဇင်ဘာ ၃၀**

(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ၃၃/၁၁ကေဗွီ (၅) အမ်ဗွီအေ လယ်တာကောင်းဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါ ဓာတ်အားခွဲရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအသီးသီးမှ မီးလင်းရေး ဆောင်ရွက်နေကြသူများနှင့် ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍ အမွှေးနံ့သာရည်များပက်ဖျန်းကာ ဓာတ်အားခွဲရုံအတွင်း ကျေးရွာများသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးနေမှုများကို ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခု လျှပ်စစ်ဓာတ်အားခွဲရုံမှ မလှိုင်မြို့နယ်တွင် ၂၇ ရွာ၊ မိတ္ထီလာမြို့နယ်တွင် ရှစ်ရွာ စုစုပေါင်း ကျေးရွာ ၃၅ ရွာတို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်စီမံထားရှိပြီး လယ်တာကောင်းလျှပ်စစ်ဓာတ်အားခွဲရုံမှ လျှပ်စစ်မီးသွယ်တန်းထားသည့် မလှိုင်မြို့နယ်မှ ၁၁ ရွာ၊ မိတ္ထီလာမြို့နယ်မှ ငါးရွာ လျှပ်စစ်မီးရရှိပြီးဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့်ဓာတ်အားများအလေအလွင့်မရှိစေရေး စနစ်တကျ သုံးစွဲကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင်(၁) ဦးတင်အောင်က လယ်တာကောင်းဓာတ်အားခွဲရုံသမိုင်းကြောင်းနှင့် ဓာတ်အားရယူ ဖြန့်ဖြူးပေးထားမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မန္တလေးဈေးကွက်အတွင်း ပြည်ပပို့ကုန်ပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေး ဈေးကွက်အတွင်း ပြည်ပပို့ကုန်ပဲများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြည်ပဈေးကွက်ဝင် ပို့ကုန်များဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မြေပဲလုံးဆန်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ ယခင်နှစ်က မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀၊ မြေပဲလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ သာ ဈေးရှိခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀၊ ပဲစင်းငုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ကျော်ရှိပြီး ဈေးကောင်းရရှိကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ဈေးကွက်ထဲမှာတော့ အိန္ဒိယပို့ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံတွေ ဈေးကောင်းရရှိနေတယ်။ တရုတ်ပို့ကုန်ဖြစ်တဲ့ ပဲတီစိမ်းနဲ့ မြေပဲလုံးဆန်တွေလဲ ဈေးကောင်းရရှိနေတယ်။ ဒီနှစ်မှာ ရာသီဥတုက အသင့်အတင့် ကောင်းမွန်တာကြောင့် သီးနှံတွေလဲ ပုံမှန်အတိုင်းထွက်ရှိလာပါတယ်။ အခုအချိန်မှာ ပြည်ပပို့ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်း၊ မြေပဲ၊ ပဲယဉ်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲလွန်းဖြူတွေ ထွက်ရှိလာပြီး ဈေးကွက်ကို ဝင်ရောက်လာပြီဖြစ်ပါတယ်" ဟု စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

အဆိုပါ ပဲသီးနှံများကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေး မြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် ဝယ်လက်များ ပျောက်နေမှုကြောင့် တန်ဖိုးကြီးမြေကွက်များ အရောင်းအဝယ်ဖြစ်မှု နည်းပါးနေဆဲဖြစ်သော်လည်း တန်ဖိုးသင့် နေအိမ်ပါပြီး မြို့တွင်းပိုင်းမြေကွက်များ အရောင်းအဝယ် ပြန်ရှိလာကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေသည့် အကွက်ရိုက် မြေကွက်များလည်း အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

"အခုရက်ပိုင်းအတွင်း ဈေးကွက်ထဲကို ရင်းနှီးမြှုပ်နှံမှုလုပ်မဲ့သူတွေလဲ ပြန်ဝင်လာတယ်လို့ ပြောရမှာပါ။ ရင်းနှီးမြှုပ်နှံမှုကြီးမားတဲ့ ဝယ်လက်မျိုးတွေတော့ မဟုတ်ဘူးပေါ့။ အရင်လတွေထက် ဒီလပိုင်းထဲမှာ မြို့တွင်းပိုင်း အိမ်ပါတဲ့ မြေတွေကို မေးမြန်းစုံစမ်းတာတွေ များလာတယ်။ တန်ဖိုးနည်းအကွက်ရိုက်မြေကွက်တွေကတော့ ဝယ်ယူမှုအများဆုံးပါ"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအေးဝင်းကပြောပြသည်။

လက်ရှိအချိန်တွင် အိမ်ခြံမြေဈေးကွက် အေးနေဆဲဖြစ်ပြီး မြို့သစ်ရပ်ကွက် လမ်းမတန်းမြေကွက်များမှာ မီး၊ ရေ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုများအပေါ် မူတည်၍ ငွေကျပ်သိန်းထောင်ကြီးပိုင်းထိ ဈေးပေါက်လျက်ရှိကြောင်း၊ ကြားကွက်များတွင်လည်း ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်ထိ ဈေးရှိကြောင်း အိမ်ခြံမြေအရောင်းအဝယ်လုပ်ကိုင်သူများထံမှ သိရသည်။

ဈေးကွက်အတွင်း လက်ရှိအခြေအနေမှာ အရောင်းအဝယ်ပိုင်းထက် အငှားဈေးကွက် ပို၍သွက်နေကြောင်း၊ ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ခုနစ်သောင်းမှ သိန်းဆယ်ဂဏန်းကျော်ထိ ရှိနေကြောင်း၊ တစ်လလျှင် ငွေကျပ်နှစ်သိန်းခန့်ဈေးတန်းရှိ လူနေဆိုင်ခန်းများ၊ လုံးချင်းနေအိမ်များအပြင် ငွေကျပ်ခုနစ်သောင်းခန့်ဈေးတန်းရှိ အခန်းများကို အခြေခံလူတန်းစားများ ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအေးဝင်းထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကွမ်းလုံမြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကွမ်းလုံ ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာတွင် ကုန်ထုတ်လမ်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၀ ဒသမ ၄၉ သန်းဖြင့် ဆောင်ရွက်သည့် ဆီခပ်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၃၆၄ သန်းဖြင့် ဆောင်ရွက်သည့် ဖျင်ရှင်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ဆီခပ်ကျေးရွာ၌ အရှည် ၅ ဒသမ ၆၅ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းနှင့် အဆိုပါလမ်းပေါ်တွင် Slab Culvert နှစ်စင်းတည်ဆောက်ခြင်း၊ ဖျင်ရှင်းကျေးရွာတွင် လမ်းအရှည် ၅၆၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၂ လမ်း၊ ၇၅ လမ်းနှင့် ၇၆ လမ်းကြားနေ ဦးရန်နိုင်-ဒေါ်နန်းအေးရီ မိသားစုက ဆွမ်းနှင့်ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၁၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးတို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၃၉၀၀၀ ကျော်စိုက်ပျိုးပြီးစီး



**ရမည်းသင်း ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၃၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ လျာထားဧက ၃၉၀၀၀ ကျော်ကို အောက်တိုဘာလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ၎င်းစားဖိုဆောင်သီးနှံများ စိုက်ပျိုးနိုင်သည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာ ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်တဲ့ရာသီမှာ စားဖိုဆောင်သီးနှံလျာထားဧကတွေကို ရာနှုန်းပြည့် စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးတဲ့အတွက် မိသားစု ဝင်ငွေတိုးလာမဲ့အပြင် အခြားဒေသကနေလဲ သီးနှံတွေ တင်သွင်းရောင်းချစရာမလိုတော့မှာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ အသီးအနှံတွေကလဲ ပိုးမွှား အန္တရာယ်ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနကနေ ဆောင်ရွက်ပေးပါတယ်။ ကွင်းဆင်းပြီးတော့လဲ အသိပညာပေး ဆွေးနွေးမှုတွေကို ပြုလုပ်ပေးပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

အဆိုပါ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားသည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာ ရောင်းချနိုင်ပြီး မိသားစုဝင်ငွေများတိုးပွားစေကာ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားစေသည့် အကျိုးကျေးဇူးများ ရရှိလာစေမည်ဖြစ်ကြောင်း၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ် စားဖိုဆောင်သီးနှံ စိုက်ပျိုးရာ၌ ကြက်သွန်နီ၊ ငရုတ်၊ ချင်း၊ နနွင်း တက် စသည့် သီးနှံများကို စိုက်ပျိုးထားကြောင်း သိရသည်။ (၁၈၅)

# တန့်ယန်းမြို့နယ် နားညုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးပေးအပ်ခြင်းကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ပန်ခွဲ့ကျေးရွာအုပ်စု နားညုကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေးအခက်အခဲများ လျော့နည်းစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက နားညုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုသု**

# မြောက်ဦးမြို့နယ် ဘာညိုကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြောက်ဦး ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဘာညိုကျေးရွာအုပ်စု ဘာညိုကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှ၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဘာညိုကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန်နှင့် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် ဘာညိုကျေးရွာ၌ အလျား ပေ ၁၀၀၊ အနံ ပေ ၁၀၀၊ အနက်ခြောက်ပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် အရှည် ပေ ၆၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို တာရာလင်းလက်ထွန်းကုမ္ပဏီက တာဝန်ယူ၍ မေ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၂၈၆ အိမ်၊ လူ ၁၃၂၀ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက ပြောပြ၍ သိရသည်။

**ကိုသန်း**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၇၂)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ကျွန်တော့်အသက် ၆၂ နှစ်ပါ။ ဆီးချို သွေးတိုးမရှိပါ။ ဆီးကျိတ်ကြီးတဲ့ ရောဂါရှိပါတယ်။ ဆီးစဏစဏသွား ချင်ပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကျော်၊ ဆီးကျိတ်ရောဂါ မဖြစ်ခင်ကတည်းက ဆီးစဏစဏသွားပါတယ်။ စစ်ကြည့် တော့ ဆီးကျိတ်ရောဂါအဆင့်(၁)လို့ သိရပါတယ်။ အင်္ဂလိပ်ဆေးတွေ စွဲ သောက်ခဲ့ပါတယ်။ ဒါပေမဲ့ ညဘက် မှာ လေးကြိမ်၊ ငါးကြိမ်လောက် ဆီး ထသွားနေရပါတယ်။ ဆရာဝန်ပြပြီး ဆေးတွေ သောက်ပေမဲ့ မသက်သာပါ ဘူး။ နေ့ဘက်မှာ တစ်နာရီတစ်ခါလောက် ဆီးသွားချင်နေပါတယ်။ ဆီးပမာဏက ရေသောက်ရင် သောက်သလောက်သွား ပါတယ်။ တချို့က ည ၆ နာရီကျော် ရင် ရေမသောက်နဲ့လို့ ပြောပါတယ်။ ညရေမသောက်ဘဲနေရင် ဆီးက သုံးခါ လောက်သွားရပါတယ်။ ဒါပေမဲ့ ရေ အလွန်တော်ပြီး အာခေါင်ခြောက်လို့ အိပ်မက်ဆိုးတွေလဲမက်ပါတယ်။ ရေ ပြန်သောက်တဲ့အခါ အာခေါင်ခြောက် သက်သာပေမဲ့ ဆီးက ငါးကြိမ်လောက် သွားရပါတယ်။ ကျွန်တော်ဖြစ်နေတဲ့ ရောဂါအတွက် ဆေးနည်းတွေ ညွှန်ပြ ပေးပါဆရာ။**

ဖြေ ။ ။ ဆီးလွန်ရောဂါအတွက် ဆေးနည်းတို များစွာရှိပါတယ်။ တစ်ယောက်တစ်မျိုး ပျောက်ကင်းကြတာမို့ မိမိနဲ့သင့်တော် မယ်ထင်ရာကို သုံးစွဲကြည့်ပါ။ တစ်မျိုး မရရင်တစ်မျိုးပြောင်းသုံးကြည့်ပါ။

၁။ ပန်းလဲပွင့်ခြောက်(ပရဆေးဆိုင်) မေးဝယ်ပါ။ လက်ဖက်ခြောက် လို ရေနွေးဆူဆူမှာ သင့်ရုံ ခတ်ပြီး တစ်နေ့ကို မတ်ခွက် တစ်လုံးသောက်ပါ။

၂။ မြန်မာကုက္ကိုအခေါက်ကို အမှုန့် ကြိတ်ပြီး နှစ်ပဲသားကို ပျားရည် တစ်ဇွန်းနဲ့မနက်၊ ညသောက်ပါ။

၃။ ဒန့်သလွန်အစေ့ခြောက်ကို မီး နဲ့လှော်ပြီး မနက်၊ ည သုံး စေ့စားပါ။

၄။ ပျဉ်းတော်သိမ်ရွက်၊ ပူဒီနာရွက် ကိုရေနွေးနဲ့စိမ်ပြီး မတ်ခွက် တစ် လုံးစာလောက်သောက်ပေးပါ။

၅။ ဥသျှစ်ရွက်ကို ကြက်သွန်ဖြူနဲ့ ဟင်းချိုချက်သောက်ပါ။

၆။ ရဲယိုသီးအမှည့်ကို ထန်းလျက် နဲ့ ခေါက်စားပါ။

၇။ ကြက်သွန်ဖြူဥတစ်လုံးကို ပျား ရည်နဲ့စိမ်စားပါ။

၈။ ခွေးလှေးယားစေ့ကို လှော်ပြီး တစ်နေ့ သုံးစေ့စားပေးပါ။

၉။ ကျားမနိုင်နွယ်မြစ်ကို သွေးပြီး ဆီးခုံ(ဆီးကျိတ်ရှိတဲ့နေရာ)မှာ လိမ်းပေးပါ။

၁၀။ အအေးစာဖြစ်တဲ့ ဝက်သား၊ ဘဲသား၊ ဘဲဥ၊ နွားနို့ခဲ၊ ဘူးသီး၊ ခဝဲသီး၊ ရေကန်စွန်း၊ ဟင်းနုနယ်၊ ကျောက်ဖရုံသီး၊ ကျောက် ဖရုံယို၊ ဖရဲသီး၊ သခွားသီး၊ စိမ်း စားဥ၊ ကြံရည်၊ ထန်းရည်၊ ပေ ရည်၊ ဘီယာ စတာတွေ အထူး ရှောင်ကြဉ်ပါ။

**မေး ။ ။ ဆရာခင်ဗျာ ကျွန်တော့်မှာ သွားဖုံးရေစီး ကမ်းပြိုဖြစ်ပြီး အံသွားတွေ နဲ့လာပါ တယ်။ တစ်ခါတစ်ရံ သွားဖုံးကသွေးယို ပါတယ်။ အချိုနဲ့ ရေခဲရေ အအေးတွေ လဲ သောက်လို့မရပါ။ ရေနွေးပူပူလဲ သောက်လို့မရပါ။ ဘယ်လိုလုပ်ရမယ် ဆိုတာ ညွှန်ကြားပေးပါခင်ဗျာ။**

ဖြေ ။ ။ ပျားရည်ငုံပေးပါ။ ကွမ်းသီးခြောက်ကို ပြာချပြီး သွားအခြေမှာသိပ်ပေးပါ။ တမာရွက်ပြုတ်ရည်လဲ ငုံပေးပါ။ ဝမ်း တွင်းသားတွေ စားတာရှောင်ပါ။ အချဉ် တည်ထားတဲ့အသားတွေ စားတာရှောင် ပါ။ အစာစားပြီးတိုင်း ဆားရည်နဲ့ပလုတ် ကျင်းပေးပါ။ အပူအပုပ်တွေအထက်ကို မတက်စေဖို့ ညအိပ်ရာဝင်ခါနီး ခြေဖဝါး ဆားပွတ်၊ ဒူးအထက်ကနေအောက် ရေအေးလောင်း ခြေဆေးပြီးမှအိပ်ပါ။



ဆေးဖက်ဝင် ရဲယိုသီးကို တွေ့ရစဉ်။

**မေး ။ ။ ဆရာရှင့် အစ်မတစ်ယောက် အင်ပျဉ် ဖြစ်နေတာ လချီကြာနေပြီး ဆေးတွေလဲ ခံနေပြီ။ မပျောက်ပါ၊ သက်သာသလို ရှိလိုက်၊ ပြန်ဖြစ်လိုက် ဖြစ်နေပါတယ်။ အင်ပျဉ်ပျောက်အောင် မိုးရေချိုးရတယ် ဆိုပေမဲ့ အခုက မိုးရာသီလဲမဟုတ်တော့ မိုးရေချိုးလို့မရပါ။ အဲဒါကြောင့် အင်ပျဉ် ပျောက်မဲ့ ဆေးနည်းလေးသိချင်လို့ပါ ရှင့်။ ဆောင်ရန်၊ ရှောင်ရန်လေးတွေနဲ့ ဘယ်လိုပြုလုပ်ရမယ်ဆိုတာ ဖြေကြား ပေးစေချင်ပါတယ်ရှင့်။**

ဖြေ ။ ။ အင်ပျဉ်(ရှေးနည်း)အင်ဖက်ကအရိုးကို သွေးလိမ်းပါ။ နကျယ်အိမ်အဟောင်းက မြေကြီးကို သွေးလိမ်းရင်လဲပျောက်တယ် လို့ဆိုပါတယ်။ တိုင်းရင်းဆေးနည်းက တော့ ဆေးအမှတ်(၄၃)အကင်းဆယ်ပါး ဆေးမှုန့်ကို သနပ်ခါးမြစ်နဲ့ရော သွေး လိမ်းပါ။ တစ်နည်း- စန္ဒကူးနီအမှုန့်ကို သနပ်ခါးနဲ့ရောလိမ်းပါ။ တစ်နည်း- ကုက္ကိုခေါက်ကို ဆန်ဆေးရည်နဲ့ သွေး လိမ်းရင် အင်ပျဉ်အယားသက်သာစေ ပါတယ်။ တစ်နည်း-ဆပ်သွားဖူးပင်ရဲ့ အမြစ်ကို ဆားနဲ့သွေးလိမ်းပါ။ အသက် ကြီးသူတွေ မိတ်ထွက်ရင်၊ အင်ပျဉ်ပေါက် ရင် ကရမက်ကိုသွေးပြီး ခပ်ထူထူလိမ်း ပေးပါ။ အင်ပျဉ်ပေါက်သူတွေ တမာ ရွက်ပြုတ်ရည်နဲ့ရေချိုးပေးရင် အကောင်း ဆုံးဖြစ်ပါတယ်။ ကျောက်ချဉ်နဲ့ သနပ် ခါးရောသွေးပြီးလိမ်းရင် အင်ပျဉ်၊ မိတ်၊ ယားဖုတွေ ပျောက်ပါတယ်။

**မေး ။ ။ ဆရာရှင့် အရက်သောက်တဲ့သူ ရေဖျဉ်း စွဲနေတာ သက်သာပျောက်ကင်းအောင် ဘယ်လိုကုသရင်ရနိုင်တယ်ဆိုတာ ပြော ပြပေးပါရှင့်။ အိမ်နီးချင်းမိတ်ဆွေ တစ် ယောက်ဖြစ်နေတာတွေ့လို့ ပြောပြချင် လို့ပါရှင့်။ အသက်က ၄၀ ကျော်လောက် ရှိပါပြီ။ အမျိုးသားပါ။ ဆေးကုဖို့ငွေ ကြေးလဲ သိပ်မတတ်နိုင်လို့ပါရှင့်။**

ဖြေ ။ ။ ရေဖျဉ်းစွဲရင် အသည်းခြောက်ရောဂါရဲ့ လက္ခဏာဖြစ်ပါတယ်။ ကြာရှည်အရက် စွဲသောက်သူတွေ ဖြစ်လေ့ရှိပါတယ်။ အသည်းရောင်အသားဝါပိုးကြောင့်လဲ အသည်းခြောက်ပြီး ရေဖျဉ်းစွဲသူတွေရှိပါ တယ်။ ရေဖျဉ်းအတွက် သက်သာစေ နိုင်တဲ့ ဆေးနည်းတိုတွေ ရှိပါတယ်။ ရောဂါနုသေးရင်တော့ ပျောက်ကင်း နိုင်ပါတယ်။ ရေဖျဉ်းစွဲသူတွေအတွက် မုန်လာဥနီ ၂၅ ကျပ်သားကိုထောင်းပြီး အရည်ညှစ်ယူသကြားနဲ့ ရောစပ်သောက် ပါ။ တောဆီးဖြူပင် အမြစ်ပါနုတ်ပြီး ပဥ္စင်းပါးကို သုံးခွက်တစ်ခွက်တင် ကျို သောက်ပါ။ ကျောက်ဖရုံသီးဟင်းချိုချက် သောက်ပါ။ ကျောက်ဖရုံသီးကို ပါးပါး လှီးပြီး ဝမ်းဗိုက်မှာကပ်ပေးပါ။ ရေဖျဉ်း စွဲနေတဲ့ ဝမ်းဗိုက်ကို ကုက္ကိုခေါက်သွေး လိမ်းပါ။ ကုက္ကိုခေါက်ပြုတ်ရည်ကိုလဲ သောက်ပါ။ ကရမက်ကို သွေးလိမ်းပါ။ သောက်ပါ။ ကရမက်ကို သွေးပြီး ထန်း လျက်နဲ့ ရောစားပါ။ ငုခေါက်၊ ငုရွက်ကို ပြုတ်ပြီး အရည်ကိုသောက်ရင် ဝမ်းသက် ပြီး အဖောအရောင်ကျစေနိုင်ပါတယ်။ ပျဉ်းတော်သိမ်ရွက်ကိုထောင်းပြီး အရည် ညှစ်ယူပါ။ ဟင်းစားဇွန်း နှစ်ဇွန်းလောက် မနက်၊ ညသောက်ပေးပါ။ ဂေါ်ရခါးသီး အခါးမျိုးကို အရည်ညှစ်ပြီးသောက်ပါ။ ဝမ်းဗိုက်တင်းရောင်ရောဂါဖြစ်ရင် ကြာ ဟင်းနှစ်ဆ၊ ပိတ်ချင်းလေးဆ၊ ဖန်ခါး ခေါက် ငါးဆကိုညက်အောင်ကြိတ် အဲဒီ ဆေးအလေးချိန်နဲ့ တူညီတဲ့ ထန်းလျက် ကိုရောပြီး သုံးပဲသားလောက် အလုံး လေးတွေပြုလုပ်ပါ။ တစ်နေ့ကို တစ်လုံး ၁၅ ရက်သောက်ရင် သက်သာပါတယ်။ (အမြိုက္ကသာဂရဆေးကျမ်း)

**မေး ။ ။ ဆရာရှင့် ကျွန်မသားလေးက အသက် ၁၀ နှစ်ထဲရောက်ပါပြီရှင့်။ သားလေး ငယ်ပါမှာ တအားယားလို့ ကုတ်နေရာ က အပိမ့်တွေအများကြီး ထွက်လာပါ တယ်။ ဘာဖြစ်မှန်းလဲ မသိပါဘူး။ နှစ်လလောက်ရှိပါပြီရှင့်။ ဆေးခန်းတွေ လဲ ခံနေပါပြီရှင့်။ ပျောက်လဲမပျောက်ပါဘူး။ ကူညီပါအုံး ဆရာကြီးရှင့်။ မြန်မာဆေး နည်းတွေနဲ့ အကြံဉာဏ်တွေကို ရိုသေစွာ တောင်းခံအပ်ပါတယ်ရှင့်။**

ဖြေ ။ ။ တမာရွက်ကြမ်းတွေကိုပြုတ်ပါ။ အဲဒီ ပြုတ်ရည်နဲ့ ကလေးရဲ့ ခါးအောက်ပိုင်း ကိုစိမ်ပေးပါ။ တမာရွက်၊ တမာခေါက် တွေ ပြာချပြီး အပိမ့်ထွက်တဲ့နေရာတွေ မှာ အုန်းဆီနဲ့ရောစပ်ပြီး လိမ်းပေးပါ။ စန္ဒကူးနီအခေါက်နဲ့ ဆားအနည်းငယ် ရောသွေးလိမ်းပေးပါ။ တိုင်းရင်းဆေး အမှတ်(၄၃) အကင်းဆယ်ပါးဆေးအမှုန့် ကို တိုင်းရင်းဆေးခန်းတွေမှာရနိုင်ပါ တယ်။ ယားတဲ့နေရာတွေမှာ သနပ်ခါး နဲ့ အဲဒီဆေးမှုန့်ကို ရောစပ်လိမ်းပေးပါ။ ငါးခြောက်၊ အကြေးခွံမပါတဲ့ ငါးတွေ၊ နီတဲ့အသားတွေ၊ ကလီစာတွေ ကလေး ကိုမကျွေးပါနဲ့။

**မေး ။ ။ ဆရာကြီးရှင့်။ ကျွန်မအသက် ၂၇ နှစ် ရှိပါပြီ။ လူက ဝတဲ့အထဲမပါသလို ပိန်လဲမပိန်ပါဘူးဆရာ။ ဆီးဝမ်း၊ သွေး သားလဲမှန်ပါတယ်။ ပြီးခဲ့တဲ့မိုးအကုန် ဆောင်းအကူးရာသီမှာ တုပ်ကွေးဆန် ဆန်ဖြစ်ပါတယ်။ တအားကိုယ်ပူပြီး ဖျားတာလဲမဟုတ်ဘဲ ကိုယ်နည်းနည်းပူ၊ ခေါင်းကိုက်၊ ချောင်းဆိုး၊ ခြေလက် တွေ မလှုပ်ချင်အောင် ဖြစ်ခဲ့ပါတယ် ဆရာ။ ဆေးတွေအစုံစားပြီး တစ်ပတ်၊ ၁၀ ရက်လောက်နေတော့ သက်သာ ပျောက်ကင်းသွားပါတယ်။ အဖျားသက် သာသွားတော့လဲ ချောင်းတအားဆိုး နေခဲ့ပါတယ်။ ညဘက်ဆိုရင် ပိုဆိုးပါ တယ်။ အာခေါင်မှာ တစ်ဆို့ဆို့ခံစား နေရပါတယ်။ ဟက်ထုတ်လိုက်ရင်တော့ ဖေးကပ်ကပ်အဖြူရောင်ချွဲတွေ ထွက်ပါ တယ်။ အေးလွန်းတဲ့ မနက်ပိုင်းတွေမှာ ပိုပြီးထွက်ပါတယ်။ မထွက်တဲ့အခါ အသက်ရှူမဝသလိုခံစားရပြီး တစ်ခုခု အာခေါင်မှာကပ်နေသလို ခံစားနေရပါ တယ်။ သလိပ်ကောင်းကောင်းထွက်ပြီး အသက်ရှူဝအောင် သင့်တော်တဲ့ဆေး နည်းတွေပေးစေချင်ပါတယ်ဆရာ။**

ဖြေ ။ ။ သလိပ်ကပ်ပြီး အာခေါင်နဲ့လည်ပင်းမှာ အနေရခက်ရင် ချင်းတက်ကိုပါးပါးလှီး ရေနွေးမတ်ခွက်ထဲမှာစိမ်ပြီး တစ်နေကုန် ဖြည်းဖြည်းချင်းသောက်ပေးပါ။ မီးကွင်း ဂမုန်းရွက်သတ္တုရည်မှာ ဆားလှော် အနည်းငယ်ထည့်သောက်ပါ။ ကြက်သွန် နီဥကြီးကို မီးအုံးပြီး ပူတုန်းစားပါ။ ပြည်ပန်းညိုရွက်ကိုထောင်း အရည်ညှစ် ယူပြီး အကြမ်းပန်းကန်တစ်လုံးစာမှာ ပျားရည်တစ်ဇွန်း ထည့်သောက်ပါ။ ရှောက်သီးအရည် သုံးဇွန်းမှာ ပျားရည် တစ်ဇွန်းစပ်ပြီး သိန္ဓောဆား အနည်းငယ် ထည့်လျက်ပေးပါ။ သိန္ဓောဆားမရရင် အိမ်သုံးဆားကို နီရဲအောင်လှော်ပြီး ထည့်ပါ။ သလိပ်ပျော်စေလိုရင် ဖီးကြမ်း ငှက်ပျောသီးကို မီးဖုတ်စားပါ။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းက ဒီဇင်ဘာ ၂၇ ရက်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၃၀**

လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းက ဒီဇင်ဘာ ၂၇ ရက်တွင် ပို့ကုန်၊ သွင်းကုန်ယာဉ် ၁၂၁ စီးဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းသည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်း ငါးခုရှိသည့်အနက် ကုန်သွယ်မှုပမာဏ တတိယအများဆုံး ဆောင်ရွက်နိုင်သည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည့်အပြင် ကုန်သွယ်ရေး ပိုငွေရရှိအောင် ဆောင်ရွက်နိုင်သည့် နယ်စပ်ကုန်သွယ်ရေးစခန်းလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါနယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဒီဇင်ဘာ ၂၇ ရက်က ပို့ကုန်ယာဉ် ၁၀၈ စီး၊ သွင်းကုန်ယာဉ် ၁၃ စီး စုစုပေါင်း ပို့ကုန်၊ သွင်းကုန်ယာဉ် ၁၂၁ စီးဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းက တရုတ်နိုင်ငံသို့ ဆန်တင်ယာဉ် ရှစ်စီး၊ ဆန်ကွဲတင်ယာဉ် ကိုးစီး၊ တစ်သျှူးငှက်ပျောတင်ယာဉ် ၁၀ စီး၊ ပြောင်းတင်ယာဉ် သုံးစီး၊ နှမ်းနက်တင်ယာဉ် သုံးစီး၊ ဖရဲသီးတင်ယာဉ် တစ်စီးနှင့် ကြွတင်ယာဉ် ၇၄ စီး စုစုပေါင်း ပို့ကုန်ယာဉ် ၁၀၈ စီးဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၇ သန်းတန်ဖိုးရှိ ပို့ကုန်များကို တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ထို့အတူ တရုတ်နိုင်ငံမှ ချပ်စက္ကူတင်ယာဉ်သုံးစီး၊ ကုန်စုံတင်ယာဉ်တစ်စီး၊ ကော်စေ့တင်ယာဉ် နှစ်စီး၊ ပိတ်လိတ်တင်ယာဉ်တစ်စီး၊ ပလတ်စတစ်လိပ်တင်ယာဉ် နှစ်စီး၊ လယ်ထွန်စက်နှစ်စီး၊ ပူလီတင်ယာဉ် နှစ်စီး စုစုပေါင်း သွင်းကုန်ယာဉ် ၁၃ စီးဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၂ သန်း တန်ဖိုးရှိ သွင်းကုန်များကို တင်သွင်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဒီဇင်ဘာ ၂၇ ရက်က ပို့ကုန်၊ သွင်းကုန်ယာဉ် ၁၂၁ စီးဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

SKL



# ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈၂၁ ဧက စိုက်ပျိုးပြီးစီး

**ကျုံပျော် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်း ၈၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံနှမ်း ၈၂၁ ဧကကို နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျုံပျော်မြို့နယ်အတွင်း ဆီထွက်သီးနှံနှမ်း ၈၂၁ ဧကကို နိုဝင်ဘာလက စတင်စိုက်ပျိုးခဲ့တာ အခု စိုက်ဧကအားလုံးပြီးစီးပါပြီ။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးနှံစိုက်ပျိုးတဲ့တောင်သူတွေကို အသိပညာတွေ၊ နည်းပညာတွေပေးတဲ့အပြင် ဆောင်းသီးနှံတွေ အသီးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ လုပ်ငန်းတွေကိုလဲ ဆက်လက်ဆောင်ရွက်ပေးနေပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်အတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနှမ်း ၈၂၁ ဧကကို ကျေးရွာ ၁၉ ရွာတွင် စိုက်ပျိုးထားကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ နှမ်းစိုက်ဧကများကို စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံနှမ်း တစ်ဧကလျှင် တင်း ၄၀ ထွက်ရှိရေး လျာထားစိုက်ပျိုးထားကြောင်း၊ အဆိုပါဆီထွက်သီးနှံများကို စိုက်ပျိုးရခြင်းသည် ဒေသတွင်း ဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊ ဒေသတွင်းဆီများပိုလျှံသည့်အခါ နိုင်ငံတော်၏ဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် စသည့်ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## မင်္ဂလာပါ ဒီဇင်ဘာ

- အို . . . ဒီဇင်ဘာ
ဖွေးဖြာလို့ လင်းလက်၊
ငွေနှင်းတွေ မြရည်လူးပါလို့
ကူးပြောင်းနံ့နက်။

- မင်္ဂလာပါ နှုတ်ခွန်းဆက်လို့
လမ်းလျှောက်ထွက်ကြ တို့တစ်တွေ၊
ဒီဇင်ဘာ အလှရယ်တိုးကာဖြင့်
မြူခိုးမှိုင်းဝေ၊
ကိုယ်လက်လှုပ်ရှား ကျန်းမာစေ
ရွှက်ခြောက်ကြွေ ရွှက်နုသစ်၊
တိုင်းမြန်ပြည် အေးချမ်းကြောင်းနဲ့
ကောင်းခြင်းတွေစစ်။

- ဆောင်းရာသီ သွယ်ကာရစ်တော့
နှစ်ဟောင်းတို့ ကုန်လွန်ကာ၊
မကြာခင် နှစ်သစ်ကူးလို့
ထူးကြတော့မှာ၊
ကပ်ဆိုးလည်း ကျော်ဖြတ်ကာ
ပြည်သာယာ ရင်ချင်းဆက်၊
ဒီဇင်ဘာ နိမိတ်လုပ်ကာဖြင့်
(မြန်ပြည်သားတို့ရေ)
ကြိုဆိုနှုတ်ဆက်။ ။

**မင်းသူရိန်(သာကီနွယ်)**

# တောင်သာမြို့နယ် ခံပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**တောင်သာ ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဝဲလောင်ကျေးရွာအုပ်စု ခံပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လင်းလင်းနွယ်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ခံပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ခံပင်ကျေးရွာ၌ လမ်းအရှည် ၅၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၁၅ အိမ်၊ လူ ၁၀၇၁ ဦးတို့ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်ရိုင်**

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတ ပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေး

**မော်စကို ဒီဇင်ဘာ ၃၀**

တရုတ်တမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ပူတင်တို့သည် ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ် နွေဦးရာသီအတွင်း တရုတ်သမ္မတအနေဖြင့် ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် လာရောက်မည်ဟု မိမိမျှော်လင့်ထားကြောင်း အဆိုပါ ဗီဒီယိုကွန်ဖရင့် ဆွေးနွေးပွဲ၌ ရုရှားသမ္မတ ပူတင်က ပြောကြားခဲ့သည်။

သမ္မတ ရှီကျင့်ဖျင်၏ မော်စကိုခရီးစဉ်သည် ရုရှား-တရုတ်ဆက်ဆံရေး ရင်းနှီးခွေးထွေးပုံကို ကမ္ဘာကြီးအား ပြသလိမ့်မည်ဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က ပြောကြားခဲ့သည်။

ယနေ့ ဗီဒီယိုကွန်ဖရင့်ဆွေးနွေးပွဲတွင် ရုရှားသမ္မတ ပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စများနှင့် ဒေသတွင်း ပြဿနာများကို ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့အခြေအနေများ အထိအခိုက်မခံဖြစ်နေချိန်တွင် တရုတ်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် မိမိတို့ အသင့်ရှိကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က သမ္မတပူတင်နှင့်ဆွေးနွေးစဉ် ပြောကြားခဲ့သည်။

ယူကရိန်းစစ်ရေးပဋိပက္ခ စတင်ချိန်မှစ၍ ရုရှားနှင့်တရုတ်တို့ကြား မဟာဗျူဟာမိတ်ဖက် ဆက်ဆံရေးမှာ အထူးအရေးပါလာခဲ့ကြောင်း သိရသည်။ KKO

## တောင်တရုတ်ပင်လယ်၌ တရုတ်တိုက်လေယာဉ်က အမေရိကန်စစ်လေယာဉ်အနီး ဖြတ်ကျော်ပျံသန်း

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

ပြီးခဲ့သည့် ရက်သတ္တပတ်က ပိုင်ဆိုင်ခွင့်အငြင်းပွား တောင်တရုတ်ပင်လယ်ဒေသ၌ တရုတ်တိုက်လေယာဉ်တစ်စင်းက အမေရိကန်လေတပ်စစ်လေယာဉ်တစ်စင်းကို အန္တရာယ်များသည့် ပုံစံမျိုးဖြင့် အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၂၁ ရက်တွင် ဖြစ်ပွားခဲ့သော အဆိုပါ ဖြစ်စဉ်အတွင်း တရုတ်ရေတပ်မှ ဂျေ-၁၁ တိုက်လေယာဉ်တစ်စင်းသည် အမေရိကန်လေတပ် အာရ်စီ ၁၃၅ လေယာဉ်ကို ၁၀ ပေအကွာမှအနီးကပ်ဖြတ်ပျံခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

တရုတ်တိုက်လေယာဉ်၏ အနီးကပ်ဖြတ်ပျံသန်းမှုကြောင့် နိုင်ငံတကာဝေဟင်အတွင်း လေယာဉ်ချင်းတိုက်မိမည့်အရေးကို ရှောင်ရှားရန် အမေရိကန်စစ်လေယာဉ်အနေဖြင့် ပျံသန်းရာလမ်းကြောင်း အရေးပေါ်ပြောင်းလဲမှု ပြုလုပ်ခဲ့ရသည်။

အင်ဒို-ပစိဖိတ် ဒေသတွင်းရှိ နိုင်ငံအားလုံးအနေဖြင့် နိုင်ငံတကာလေပိုင်နက်ကို နိုင်ငံတကာဥပဒေများနှင့်အညီ ဘေးကင်းလုံခြုံစွာ အသုံးချလိမ့်မည်ဟု မိမိတို့မျှော်လင့်ထားကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

တောင်တရုတ်ပင်လယ်ဒေသသည် တရုတ်နှင့်ဒေသတွင်း အိမ်နီးချင်းနိုင်ငံများအကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော ရေပြင်ဒေသဖြစ်သော်လည်း အမေရိကန်နိုင်ငံက အဆိုပါ ရေပြင်ဒေသအတွင်း စစ်လေယာဉ်များ၊ စစ်သင်္ဘောများ ပုံမှန်စေလွှတ်၍ ကင်းလှည့်မှုများ ပြုလုပ်လေ့ရှိကြောင်း သိရသည်။ KKO



## ရွေးကောက်ပွဲအနိုင်ရ ဘရာဇီးသမ္မတလောင်း လူလာဒါဆေးလ်ဗား အစိုးရသစ်ဖွဲ့စည်းရေးလုပ်ငန်းကို အောင်မြင်စွာအဆုံးသတ်



**ဘရာဇီးလီးယား ဒီဇင်ဘာ ၃၀**

ဝန်ကြီးနေရာ ၁၆ နေရာအတွက် ခန့်အပ်မှုများ ထပ်မံပြုလုပ်ခဲ့ပြီးနောက် ဒီဇင်ဘာ ၂၉ ရက်တွင် ရွေးကောက်ပွဲအနိုင်ရ ဘရာဇီးသမ္မတလောင်း လူလာဒါဆေးလ်ဗားသည်၎င်းဦးဆောင်မည့် အနာဂတ်အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးလုပ်ငန်းကို အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

လူလာဒါဆေးလ်ဗားသည် ဘရာဇီးသမ္မတအဖြစ် ကျမ်းသစ္စာမကျိန်ဆိုမီ သုံးရက်အလိုတွင် ၎င်းဦးဆောင်မည့် အစိုးရအဖွဲ့သစ်အတွက် ဝန်ကြီးနေရာအားလုံးကို အပြီးသတ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

သမ္မတလောင်း လူလာဒါဆေးလ်ဗား၏အစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ၃၇ ဦးထိ ရှိပြီး အမျိုးသမီး ၁၁ ဦး ပါဝင်လာခဲ့သည်။

ထို့ပြင် လူလာဒါဆေးလ်ဗား၏ အစိုးရအဖွဲ့ဝင်သစ် သုံးပုံတစ်ပုံနီးပါးမှာ ၎င်းဦးဆောင်သည့် အလုပ်သမားများပါတီမှ ခေါင်းဆောင်များဖြစ်ကြသည်။

အသက် ၇၇ နှစ်အရွယ်ရှိ သမ္မတလောင်း လူလာဒါဆေးလ်ဗားသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဘရာဇီးသမ္မတသစ်အဖြစ် ဘရာဇီးလီးယားမြို့၌ ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။ KKO

## တီဂရေးဒေသ မီကီလီမြို့အတွင်း အီသီယိုးပီးယား ဖက်ဒရယ်ရဲတပ်ဖွဲ့များ ဝင်ရောက်

**အဒစ်အဘာဘာ ဒီဇင်ဘာ ၃၀**



တစ်နှစ်ကျော်ကြာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အီသီယိုးပီးယားဖက်ဒရယ်ရဲတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၉ ရက်တွင် တီဂရေးဒေသ မီကီလီမြို့အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အီသီယိုးပီးယား ဖက်ဒရယ်အစိုးရနှင့် တီဂရေးဒေသ ခေါင်းဆောင်များကြား လွန်ခဲ့သည့်လက ရယူခဲ့သည့် သဘောတူညီချက်အရ မီကီလီမြို့အတွင်းသို့ အီသီယိုးပီးယားဖက်ဒရယ်ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ငြိမ်းချမ်းရေးသဘောတူညီချက်ကြောင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် စတင်ခဲ့သော အီသီယိုးပီးယား ဖက်ဒရယ်အစိုးရနှင့် တီဂရေးလက်နက်ကိုင်များကြား စစ်ရေးပဋိပက္ခလည်းအဆုံးသတ်ခဲ့ရသည်။

နှစ်နှစ်ကျော်ကြာမြင့်ခဲ့သည့် အီသီယိုးပီးယား စစ်ရေးပဋိပက္ခများကြောင့် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရကြောင်း ခန့်မှန်းရသည်။

မီကီလီမြို့အတွင်းသို့ ဝင်ရောက်သွားသော ဖက်ဒရယ်ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖက်ဒရယ်ပြည်ထောင်စုပိုင်ဆိုင်မှုများကို အကာအကွယ်ပေးမည်ဖြစ်ကြောင်း အီသီယိုးပီးယားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

KKO

## ဘယ်လာရုစ်နယ်မြေအတွင်း လမ်းချော်ဝင်ရောက်လာသည့် ယူကရိန်း အက်စ်-၃၀၀ ဒုံးကျည်ကို ဘယ်လာရုစ်စစ်ဘက်ပစ်ချ

**မင့်စ် ဒီဇင်ဘာ ၃၀**

ဘယ်လာရုစ် နယ်မြေအတွင်းသို့ လမ်းချော်ဝင်ရောက်လာသော ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးစနစ် ဒုံးကျည်တစ်စင်းကို ဘယ်လာရုစ်စစ်ဘက်က ဒီဇင်ဘာ ၂၉ ရက်တွင် ပစ်ချခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘယ်လာရုစ်စစ်ဘက်၏အဆိုအရ ယူကရိန်း အက်စ်-၃၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ် ဒုံးကျည်တစ်စင်းမှာ လမ်းချော်၍ ဘယ်လာရုစ်ပိုင်နက်အတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဘယ်လာရုစ်နိုင်ငံဆိုင်ရာ ယူကရိန်းသံအမတ်ကြီးကို ဆင့်ခေါ်၍ တရားဝင်ကန့်ကွက်လွှာပေးအပ်ခဲ့သည်။

ထို့ပြင် အဆိုပါ ဒုံးကျည် ဘယ်လာရုစ်နယ်မြေအတွင်း ဝင်ရောက်လာမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပေးရန်လည်း ဘယ်လာရုစ်နိုင်ငံက ယူကရိန်းနိုင်ငံထံ တောင်းဆိုထားသည်။

ရုရှားတပ်များက ဒီဇင်ဘာ ၂၉ ရက်တွင် ယူကရိန်းနိုင်ငံအတွင်းရှိ ပစ်မှတ်များကို လေကြောင်းထိုးစစ်များဖြင့် အပြင်းအထန်တိုက်ခိုက်ခဲ့စဉ် ယူကရိန်း အက်စ်-၃၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ် ဒုံးကျည်လမ်းချော်၍ ဘယ်လာရုစ်နယ်မြေအတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

အက်စ်-၃၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ်မှာ ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံကပါ အသုံးပြုသည့် ဆိုဗီယက်ခေတ် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက ဒီဇင်ဘာ ၂၉ ရက်တွင် ရှီယန်း-၁၀ ၀၂ အမည်ရှိ အာကာသနည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့



**ပေကျင်း ဒီဇင်ဘာ ၃၀**

တရုတ်နိုင်ငံသည် ရှီယန်း-၁၀ ၀၂ အမည်ရှိ အာကာသနည်းပညာ စမ်းသပ်ဂြိုဟ်တုကို ဒီဇင်ဘာ ၂၉ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့ရေးသားတင်ပြထားသည်။

ရှီယန်း-၁၀ ၀၂ ဂြိုဟ်တု သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း ရှီချန်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံသည် ရှီယန်း-၁၀ ၀၂ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၂၉ ရက် ရှီယန်း-၁၀ ၀၂ မစ်ရှင်သည် တရုတ်နိုင်ငံအတွက် ၂၀၂၂ ခုနှစ်၏ နောက်ဆုံး မစ်ရှင်ဖြစ်သည်။

အဆိုပါမစ်ရှင် အောင်မြင်ခဲ့သော်လည်း လောင်းမတ်ချ်-၃ ဘီ ဒုံးပျံယာဉ် အပိုင်းအစများ ကျရောက်နိုင်မည့်ပြဿနာအတွက် ဖိလစ်ပိုင် အာကာသအေဂျင်စီက သတိပေးချက်ထုတ်ပြန်ခဲ့ရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း အာကာသမစ်ရှင် ၅၃ ခု လွှတ်တင်ခဲ့ပြီး ဂြိုဟ်တုနှင့်အာကာသယာဉ် ၁၄၀ ကျော်ကို ကမ္ဘာပတ်လမ်းပေါ်သို့ တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ KKO

## စနေဂြိုဟ်၏ဂြိုဟ်ရံလတစ်စင်းဖြစ်သည့် အင်စီလေးဒပ်စ်ဂြိုဟ်ရံလက မှုတ်ထုတ်နေသော ရေငွေ့တန်းများထဲတွင် အခြားအာကာသသက်ရှိများကို ရှာတွေ့နိုင်ဖွယ်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

စနေဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သော အင်စီလေးဒပ်စ်ဂြိုဟ်ရံလက မှုတ်ထုတ်နေသော ရေငွေ့တန်းများထဲတွင် အခြားအာကာသသက်ရှိများကို ရှာတွေ့နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဒီဇင်ဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ အရီဇိုးနား တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် အခြားအာကာသသက်ရှိများ တည်ရှိနိုင်မှုကို အတည်ပြုနိုင် သို့မဟုတ် ငြင်းပယ်နိုင်မည့် အာကာသမစ်ရှင်တစ်ရပ်ကို အဆိုပြုထားကြောင်း သိရသည်။

အဆိုပါမစ်ရှင်အရ အင်စီလေးဒပ်စ်ဂြိုဟ်ရံလဆီသို့ အာကာသယာဉ်တစ်စင်းစေလွှတ်၍ ၎င်းဂြိုဟ်ရံလက မှုတ်ထုတ်နေသော ရေငွေ့တန်းများထဲ၌ သက်ရှိများ ရှိမရှိကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။



အင်စီလေးဒပ်စ် ဂြိုဟ်ရံလ၏ အပေါ်ယံ ရေခဲလွှာအောက်၌ သမုဒ္ဒရာတစ်စင်းတည်ရှိနေပြီး ၎င်းသမုဒ္ဒရာသည် အဏုဇီဝသက်ရှိများမှ ပေါ်ထွက်လာတတ်သော မီသိန်းဓာတ်ငွေ့များမှုတ်ထုတ်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ အင်စီလေးဒပ်စ်ဂြိုဟ်ရံလ၏ မြေအောက်သမုဒ္ဒရာက မှုတ်ထုတ်နေသည့် ရေငွေ့တန်းများထဲ၌ အခြားအာကာသ အဏုဇီဝသက်ရှိများ ရှိနေနိုင်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

အချင်းမိုင်ပေါင်း ၃၁၃ မိုင်ရှိသည့် အင်စီလေးဒပ်စ်ဂြိုဟ်ရံလသည် စနေဂြိုဟ်၏ ဆဋ္ဌမအကြီးဆုံး ဂြိုဟ်ရံလဖြစ်ကြောင်း သိရသည်။ KKO

## အင်္ဂါဂြိုဟ်၏လေထုလွှာမှာ အလွန်ပါးလွှာပြီး လေတိုက်နှုန်းနှေးကွေးသော်လည်း လေ့လာစူးစမ်းရေးမစ်ရှင်များအတွက် လုံလောက်သည့်လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်ဖွယ်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အင်္ဂါဂြိုဟ်၏ လေထုလွှာမှာ အလွန်ပါးလွှာပြီး လေတိုက်နှုန်းနှေးကွေးသော်လည်း အင်္ဂါဂြိုဟ်လေ့လာစူးစမ်းရေး မစ်ရှင်များအတွက် လုံလောက်သည့် လျှပ်စစ်ဓာတ်အား ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space. com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

အင်္ဂါဂြိုဟ် လေထုလွှာသည် အလွန်ပါးလွှာပြီး လေထုသိပ်သည်းဆမှာ ကမ္ဘာ့လေထုလွှာသိပ်သည်းဆ၏ တစ်ရာခိုင်နှုန်းခန့်သာရှိပြီး လေတိုက်နှုန်းမှာလည်း ကမ္ဘာပေါ်ရှိ လေတိုက်နှုန်း၏ တစ်ရာခိုင်နှုန်းခန့်သာရှိသည်။

သို့ရာတွင် အင်္ဂါဂြိုဟ်လေတိုက်နှုန်း လွန်စွာနှေးကွေးလှသော်လည်း ဝေးလံခေါင်သီသည့် နေရာများ၌ လေရဟတ်များတပ်ဆင်၍ လွန်စွာနှေးကွေးလှသော အင်္ဂါဂြိုဟ်လေတိုက်နှုန်းဖြင့် စွမ်းအင်ဖန်တီးနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ အနည်းဆုံး နေရာပေါင်း သုံးနေရာ၌ အကြီးစား လေရဟတ်များတပ်ဆင်ထားပါက အင်္ဂါဂြိုဟ် လေတိုက်နှုန်းသည် လျှပ်စစ်ဓာတ်အား ၂၄ ကီလိုဝပ်ထိ ထုတ်ပေးနိုင်သည်။

အထက်ပါ လျှပ်စစ်ဓာတ်အားပမာဏသည် အာကာသယာဉ်မှူးခြောက်ဦး သုံးလခန့်သုံးစွဲနိုင်သော လျှပ်စစ်ဓာတ်အား ပမာဏဖြစ်ကြောင်း၊ ရှေးယခင်က အင်္ဂါဂြိုဟ်၏ နှေးကွေးလှသည့် လေတိုက်နှုန်းကြောင့် အင်္ဂါဂြိုဟ်ပေါ်၌ လေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို မဖြစ်နိုင်သည့်ကိစ္စအဖြစ် သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။ KKO

# HEALTH

## Tamoxifen ဆေးသုံးစွဲသူ ရင်သားကင်ဆာလူနာများ သားအိမ်ကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**ဆိုးလ် ဒီဇင်ဘာ ၃၀**

ရင်သားကင်ဆာရောဂါ ကာကွယ်ရေးနှင့်ကုသရေးဆေးတစ်မျိုးဖြစ်သော Tamoxifen ဆေးသုံးစွဲမှုသည် အမျိုးသမီးများ၌ သားအိမ်ကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ ကိုရီးယားဆေးကောလိပ်မှ သုတေသနပညာရှင်များသည် Tamoxifen ဆေးသုံးစွဲမှုနှင့် သားအိမ်ကင်ဆာရောဂါဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှု ရှိ၊ မရှိ ဖော်ထုတ်ရေးအတွက် အသက် ၂၀ နှင့် ၅၀ ကြား ရင်သားကင်ဆာလူနာ အမျိုးသမီးဦးရေ ၇၈၃၂၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ Tamoxifen ဆေးသုံးစွဲသူကင်ဆာလူနာများသည် အခြားကုထုံးသုံးစွဲသူ လူနာများထက် သားအိမ်ကင်ဆာဖြစ်နိုင်ခြေ ပို၍မြင့်မားကြောင်း၊ Tamoxifen ကုထုံးရယူနေသော ရင်သားကင်ဆာလူနာများအထူးသတိပြုရာဖြစ်ကြောင်း၊ အထူးသဖြင့် အဆိုပါကုထုံးရယူနေရသော ဓမ္မတာရာသီကုန်ဆုံးပြီးဖြစ်သည့် ရင်သားကင်ဆာလူနာများ၌ သားအိမ်ကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုကို ဆေးပညာရှင်များအနေဖြင့် ထည့်သွင်းစဉ်းစားသင့်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။ KKO

## ကလေးနှင့်ဆယ်ကျော်သက်များ ပုံစံ-၂ ဆီးချိုဖြစ်ပွားမှု လေးမှုလျှင်တစ်မှုမှာ အဝလွန်မှုနှင့်သက်ဆိုင်မှုမရှိ

**အော့တဝါ ဒီဇင်ဘာ ၃၀**

ကလေးနှင့် ဆယ်ကျော်သက်များ၌ ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားမှု လေးမှုလျှင် တစ်မှုမှာ အဝလွန်မှုပြဿနာနှင့် သက်ဆိုင်မှုမရှိကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

ကနေဒါနိုင်ငံ မက်မာစတာ တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကလေးဘဝ အဝလွန်မှုနှင့် ပုံစံ-၂ ဆီးချိုရောဂါတို့ကြား ဆက်စပ်မှုကို အတည်ပြုနိုင်ရေးအတွက် လူပေါင်း ၉၀၀၀ ခန့်ပါဝင်ခဲ့သော လေ့လာမှုပေါင်း ၅၃ ခုကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ လေ့လာမှုတွင် ပါဝင်သူ ပုံစံ-၂ ဆီးချိုလူနာကလေးများအနက် ၇၅ ရာခိုင်နှုန်းမှာ အဝလွန်မှုပြဿနာ ရှိနေသူများဖြစ်ကြောင်း၊ အထက်ပါ တွေ့ရှိချက်အရ ကလေးများ ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားမှုအတွက် အဝလွန်မှုကို အဓိကအကြောင်းတရားအဖြစ် သတ်မှတ်နိုင်သော်လည်း ရောဂါဖြစ်ပွားမှုလေးမှုလျှင် တစ်မှုမှာ အဝလွန်မှုနှင့်မသက်ဆိုင်ကြောင်း ကနေဒါ သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

သို့ဖြစ်ရာ ဆေးပညာရှင်များအနေဖြင့် ကလေးများပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားမှုအတွက် အဝလွန်မှုအပြင် အခြားဖြစ်နိုင်ဖွယ် နောက်ခံအကြောင်းတရားများကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်းအကြံပြုထားပြီး ပုံစံ-၂ ဆီးချိုရောဂါသည် အဝလွန်မှု မရှိသည့်ကလေးများ၌ ကိုယ်အလေးချိန် ပုံမှန်ရှိသော်လည်း အင်ဆူလင် ဟော်မုန်းအလုံအလောက် မထုတ်ပေးနိုင်သည့် အခြေအနေမျိုး၌ ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဂတ်ပိုကိုလက်လွှတ်ခဲ့ရသည့် မန်ယူအသင်း မိုရာတာကို ထပ်မံခေါ်ယူရန် ကြိုးပမ်း

**လန်ဒန် ဒီဇင်ဘာ ၃၀**

မန်ယူအသင်းသည် အသင်းမှ ထွက်ခွာသွားသည့် တိုက်စစ်မှူး စီရော်နယ်လ်ဒိုနေရာတွင် အစားထိုးနိုင်ရန်အတွက် ပီအက်စ်ဗွီတိုက်စစ်မှူး ဂတ်ပိုကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့သောကြောင့် အေတီကိုအသင်း တိုက်စစ်မှူး မိုရာတာကို ထပ်မံခေါ်ယူရန် ကြိုးပမ်းနေကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ခြေစွမ်းပြကစားသမားအများအပြား ရှာဖွေနေသော်လည်း ဘဏ္ဍာရေးအခက်အခဲများကြောင့် ငွေကြေးအနည်းငယ်သာသုံးစွဲရမည့် အေတီကိုအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး မိုရာတာကို ကာလတိုစာချုပ်ချုပ်ဆို၍ အငှားဖြင့် ခေါ်ယူနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အစောပိုင်းက အသင်းတာဝန်ရှိသူများအနေဖြင့် အေတီကိုအသင်းမှ တိုက်စစ်မှူး ဂျာအိုဖီးလစ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆွေးနွေးခဲ့သော်လည်း အေတီကိုအသင်းက ခြောက်လစာချုပ်အတွက် ပြောင်းရွှေ့ကြေး ယူရို ၂၂ သန်းထိ တောင်းဆိုခဲ့သောကြောင့် ဒုတိယဦးစားပေးအဖြစ်တိုက်စစ်မှူး မိုရာတာကိုသာ ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။

အသက် ၃၀ ရှိ တိုက်စစ်မှူး မိုရာတာကို ယခုနှစ်ဘောလုံးရာသီ အေတီကိုအသင်းနှင့်အတူ အမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး ခြောက်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ထားနိုင်သဖြင့် အထောက်တိုက်စစ်မှူး နေရာတွင် မာရှယ်တစ်ဦးတည်းကိုသာ အသုံးပြုနေရသည့် မန်ယူအသင်းနည်းပြ တန်ဟတ်အတွက် မိုရာတာမှာ အဓိကပစ်မှတ် ဖြစ်ခဲ့ကြောင်း သိရသည်။

ML




## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းပိုင်ရှင် တော့ဘိုလီက အေတီကိုအသင်း တိုက်စစ်မှူး ဂျာအိုဖီးလစ်ကိုခေါ်ယူနိုင်ရန် စတာလင်ပေါင် ၁၁၃ သန်းထိ သုံးစွဲမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဂတ်ပိုကိုခေါ်ယူနိုင်ခဲ့ပြီးနောက် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ် ငါးဦးထိ ထပ်မံခေါ်ယူရန် စီစဉ်ထားကြောင်း လီဗာပူးအသင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် မက်အယ်လစ်စတာကာစီဒို မိုဒါတို့ လွဲချော်မည်ဖြစ်ကြောင်း ဘရိုက်တန်နည်းပြ ဒီဇာဘီက ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃၀**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်နှင့် ဦးရွှေကြိမ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက နိုင်ငံတော်သီချင်းသီဆိုခြင်းနှင့် အားကစားသစ္စာ အဓိဋ္ဌာန်လေးချက် ရွတ်ဆိုခဲ့ကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပြီး မြန်မာ့သိုင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ယနေ့မှစတင်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ရက်ထိ ကျင်းပမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

STA

# WM Phoenix Open ချန်ပီယံဆုကို ကာကွယ်မည်ဟု စကော့တီရှက်ဖလာက ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်နိုင်ငံတွင် ကျင်းပမည့် WM Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာက လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်သွားမည်ဟု ပြောကြားခဲ့ကြောင်း Sportsnaut သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စကော့တီရှက်ဖလာသည် ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ကမ္ဘာ့အဆင့် (၁) နေရာဖြင့် အဆုံးသတ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အခွင့်အရေးကောင်း တချို့ဖြင့် လွဲချော်ခဲ့ရသည့်အတွက် ၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူနိုင်ရေး အကောင်းဆုံးကြိုးစားသွားမည်ဟု ပြောကြားခဲ့ကြောင်း Sportsnaut သတင်းဌာနက ဖော်ပြခဲ့သည်။

WM Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် PGA Tour ၏ တစ်နှစ်တာအတွင်း ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဒုတိယမြောက်ကျင်းပသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး PGA Tour အနေဖြင့် နာမည်ကြီးဂေါက်သီးရိုက်ကစားသမားများ ဆုကြေးငွေမြင့်မားသည့် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပြောင်းရွှေ့နေခြင်းကို တားဆီးနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် WM Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင်ဆုကြေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀ ထိ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း PGA Tour က ထုတ်ပြန်ခဲ့သည်။

WM Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ၏ဥက္ကဋ္ဌဖြစ်သူ ပက်ဒီလျံက "၂၀၂၃ ခုနှစ်မှာကျင်းပသွားမယ့် WM Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ပုံစံသစ်နဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။ ဆုကြေးငွေကိုလည်းပုံမှန်ထက် တိုးမြှင့်လိုက်ပြီဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်မဲ့ ပြိုင်ပွဲဝင်တွေအနေနဲ့ လာမဲ့နှစ်ပြိုင်ပွဲကို ပိုပြီး သဘောကျလာလိမ့်မယ်လို့ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဂန္ထဝင်ကစားသမားပီလီ၏ ဈာပနအခမ်းအနားကို ဘရာဇီးကလပ်ဆန်းတို့စ်အသင်းအိမ်ကွင်းတွင် ကျင်းပမည်

**ဆော်ပိုလို ဒီဇင်ဘာ ၃၀**

အသက် ၈၂ နှစ်ရှိ ဘရာဇီး ဂန္ထဝင်တိုက်စစ်မှူး ပီလီသည် ကာလရှည်ခံစားနေရသည့် ကင်ဆာရောဂါကြောင့် ယနေ့တွင် ဆော်ပိုလိုမြို့ ဆေးရုံတွင် ကွယ်လွန်ခဲ့ပြီး ၎င်း၏ ဈာပနအခမ်းအနားကို ကစားသမားဘဝ စတင်ခဲ့သည့် ဘရာဇီးကလပ် ဆန်းတို့စ်အသင်း အိမ်ကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့သည်ဟု ESPN သတင်းဌာနက ဖော်ပြခဲ့သည်။

တိုက်စစ်မှူးဟောင်း ပီလီ၏ ဈာပနအခမ်းအနားကို လာမည့် တနင်္လာနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ အင်္ဂါနေ့ နံနက် ၁၀ နာရီထိ ဆန်းတို့စ်အသင်း အိမ်ကွင်း ဘယ်လ်မီရိုအားကစားကွင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ဆန်းတို့စ်အသင်း တာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။

ဘရာဇီးသမ္မတဟောင်း ဘော်ဆိုနာရိုက "ပီလီဟာ နိုင်ငံအတွက် အများကြီး လုပ်ဆောင်ပေးခဲ့တဲ့ နိုင်ငံသားတစ်ဦးပါ။ သူဟာ ကျွန်တော်တို့ ဘရာဇီးနိုင်ငံကို ကမ္ဘာကသိအောင် လုပ်ဆောင်နိုင်ခဲ့တဲ့နိုင်ငံသား အနည်းငယ်ထဲက တစ်ဦးအပါအဝင် ဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဘရာဇီးရဲ့ နေရာတိုင်းမှာ ဂုဏ်သတင်းနဲ့ ကျော်ကြားနေခဲ့တာဖြစ်ပါတယ်"ဟု ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။



ဂန္ထဝင်တိုက်စစ်မှူး ပီလီသည် ၎င်း၏ကစားသမားဘဝကို ၁၉၅၆ ခုနှစ် အသက် ၁၆ နှစ်အရွယ်တွင် ဆန်းတို့စ်အသင်းနှင့် စတင်ခဲ့ပြီးနောက် ၁၉၇၅ ခုနှစ်တွင် အမေရိကန်ကလပ် နယူးယောက်ကော့စ်မို့စ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ကာ ကလပ်အသင်းပြိုင်ပွဲ ၇၀၀ တွင် သွင်းဂိုး ၆၅၅ ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ဘရာဇီးလက်ရွေးစင်အသင်းတွင်လည်း ပြိုင်ပွဲစုံ ၉၂ ပွဲ ပါဝင်ခဲ့ရာ သွင်းဂိုး ၇၇ ဂိုးထိ သွင်းယူ၍ ဘရာဇီးအသင်းအား ကမ္ဘာ့ဖလားသုံးကြိမ်ထိ ရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့ပြီးနောက် ၁၉၇၇ ခုနှစ် အသက် ၃၇ နှစ်အရွယ်တွင် ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်ကြောင်း သိရသည်။

ML

# အာဆီယံမစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းနှင့် လာအိုအသင်းတို့ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

အာဆီယံမစ်ဆူဘီရှီ အီလက်ထရစ်ဖလားပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့်လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ရန် အုပ်စုလက်ကျန်ပွဲစဉ်များအားလုံး အနိုင်ရရှိရန် လိုအပ်နေသည့်အတွက် ယခုပွဲစဉ်တွင် အဓိကကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး လာအိုအသင်းကို အကောင်းဆုံး ရင်ဆိုင်ကစားခဲ့သော်လည်း တိုက်စစ်ကစားသမားများ၏ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် သရေရလဒ်နှင့်သာကျေနပ်ခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက ပွဲစကတည်းက ဖိအားပေးကစားခဲ့သော်လည်း လာအိုအသင်းက အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့ပြီး ပွဲချိန်၁၂ မိနစ်တွင် ဖွန်ချန်ခန်က လာအိုအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း သုံးမိနစ်အကြာ ပွဲချိန် ၁၅ မိနစ်တွင် ကွင်းလယ်ကစားသမား ကျော်မင်းဦးက မြန်မာအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန် ပွဲချိန် ၄၆ မိနစ်တွင် ရာတက်ချက်က လာအိုအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ရာ မြန်မာအသင်းအနေဖြင့် ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးနောက် နာကျင်အချိန်ပို ခြောက်မိနစ်တွင် မောင်မောင်လွင်က မြန်မာအသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲအပြီးတွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့တွင် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ နေပြည်တော်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဒီဇင်ဘာ ၃၁ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ ၼွဲ



# ဆော်ဒီကလပ် အယ်နာဆာအသင်းက စီရော်နယ်ဒိုအပြင် ရာမို့စ်ကိုပါ ခေါ်ယူရန်ပြင်ဆင်



**ရီယာ့ဒ် ဒီဇင်ဘာ ၃၀**

ဆော်ဒီထိပ်တန်းကလပ် အသင်းဖြစ်သည့် အယ်နာဆာအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် စီရော်နယ်ဒိုအပြင် ပီအက်စ်ဂျီအသင်းမှ ဝါရင့်ခံစစ်ကစားသမား ရာမို့စ်ကိုပါတစ်ပါတည်းခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်ဟု Euro-sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်နာဆာ အသင်းသည် မန်ယူအသင်းနှင့်စာချုပ် ဖျက်သိမ်းခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ ဖြစ်နေသည့် စီရော်နယ်ဒိုကို ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲကာလကတည်းက ခေါ်ယူရန်ပြင်ဆင်နေခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ ကြိုးပမ်းနေဆဲဖြစ်သည်။

အယ်နာဆာအသင်းက လက်ရှိတွင် စီရော်နယ်ဒိုကို စံချိန်တင်လုပ်ခလစာဖြစ်သည့်တစ်နှစ်လုပ်ခလစာတာလင်ပေါင် ၁၇၇ သန်းထိပေးချေရန် ကမ်းလှမ်းထားပြီး စီရော်နယ်ဒို ကိုယ်တိုင်ကလည်း ၎င်း၏လုပ်ခလစာကြောင့် ခေါ်ယူမည့်အသင်း မရှိသည့်အတွက် အယ်နာဆာအသင်းသို့သာပြောင်းရွှေ့ကစားပြီး ကစားသမားဘဝကို အဆုံးသတ်သွားဖွယ်ရှိနေသည်။

လက်ရှိတွင် အယ်နာဆာအသင်းသည် စီရော်နယ်ဒိုနှင့် အသင်းဖော်ဟောင်းများ ဖြစ်ကြသည့် ပီအက်စ်ဂျီအသင်းမှ ရာမို့စ်ကိုလည်း ကမ်းလှမ်းရန်ပြင်ဆင်နေပြီး အယ်နာဆာအသင်းမှ တာဝန်ရှိသူများက မကြာမီ စပိန်နိုင်ငံ ရီးရဲလ်မက်ဒရစ်မြို့သို့ သွားရောက်ကာ ရာမို့စ်အပြောင်းအရွှေ့ကိစ္စနှင့်ပတ်သက်ပြီး အပြီးသတ်လုပ်ဆောင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အသက် ၃၆ နှစ်ရှိ ရာမို့စ်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှအလွတ်ပြောင်းရွှေ့ကြေးဖြင့် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကာ ပီအက်စ်ဂျီအသင်းကလည်းသက်တမ်းတိုးဖွယ်မရှိသည့်အတွက် အယ်နာဆာကအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။ STA

# ပြင်သစ်လီဂူး ပွဲစဉ် (၁၇) ပွဲကြိုသုံးသပ်ချက်

STA

လိုင်ယွန် Vs ကလဲယားမောင့်

**ကစားမည့်ရက်/အချိန် ၁-၁-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကလဲယားမောင့် ၁ - ၂ လိုင်ယွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**လိုင်ယွန် - အိမ်(သရေ) အိမ်(ရှုံး) ဧည့်(နိုင်)**

**ကလဲယားမောင့် - ဧည့်(သရေ) အိမ်(ရှုံး) အိမ်(ရှုံး)**

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ လိုင်ယွန်အသင်းဟာ အခုပွဲစဉ်မှာ ကလဲယားမောင့်အသင်းကို ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိကလဲယားမောင့်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲတည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာအိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ လိုင်ယွန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုင်ယွန် ၂ - ၁ ကလဲယားမောင့်**

## ပြင်သစ်လီဂူး ပွဲစဉ် (၁၇) ဇယား

| ရက်စွဲ | အချိန် | အသင်း |
|---|---|---|
| ၁-၁-၂၀၂၃ | ည ၀၈း၃၀ နာရီ | အန်ဂါ - လိုရီယန့် |
| ။ | ။ | နန့်တက် - အော်ဇေး |
| ။ | ။ | တူးလော့ - အေဂျက်စီယို |

# မန်စီးတီးအသင်းက အာဂျင်တီးနားလူငယ်ကစားသမား ပါရှန်နီကို ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၃၀**

မန်စီးတီး အသင်းအနေဖြင့် အာဂျင်တီးနား ထိပ်တန်းကလပ် ဗီလက်ဆာဖီးလ်အသင်းတွင် ကစားနေသည့် လူငယ်ကွင်းလယ်ကစားသမား ပါရှန်နီကို ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ရှစ်သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်း အနေဖြင့် အသက် ၁၉ နှစ်ရှိ လူငယ်ကစားသမားကိုခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်း၊ ဝုဗ်အသင်းတို့အပါအဝင် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရပြီးနောက် လက်ဦးမှုရယူနိုင်ခဲ့ကာ ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ရှစ်သန်းဖြင့် အပြီးသတ် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်လပိုင်းက နယူးကာဆယ်အသင်းသည် ကွင်းလယ်ကစားသမား ပါရှန်နီကိုခေါ်ယူရန် နီးစပ်ခဲ့သော်လည်း မန်စီးတီးအသင်းက ကမ်းလှမ်းလာမှုကြောင့် ကစားသမားအနေဖြင့် နယူးကာဆယ်အသင်းကိုငြင်းဆိုကာ ပရီးမီးယားလိဂ်ချန်ပီယံ မန်စီးတီးအသင်းတွင် ကွင်းလယ်ကစားသမား ကင်ဗင်ဒီးလစ်၊ ရိုဒရီတို့နှင့် ပွဲထွက်ခွင့်ရရန် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဗီလက်ဆာဖီးလ် အသင်းနှင့် ၂၀၂၃ ခုနှစ်ကုန်တွင် စာချုပ်ကုန်ဆုံးမည့် လူငယ်ကစားသမား ပါရှန်နီသည် ယခုနှစ် ဘောလုံးရာသီအသင်းတွင် ပြိုင်ပွဲစုံ ၃၃ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ရာ သွင်းဂိုး သုံးဂိုးသွင်းယူ၍ ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ်အသင်းများ၏ စိတ်ဝင်စားမှုကိုခံခဲ့ရပြီးနောက် ကစားသမားဘဝတစ်ဆင့်မြင့်တင်နိုင်မည့် မန်စီးတီးအသင်းကိုသာ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။



ML

# နှစ်ဟောင်းကိုသုံးသပ်၍ နှစ်သစ်အတွက် ကြိုတင်ပြင်ဆင်သွားကြပါစို့

မကြာမီ ၂၀၂၂ ခုနှစ် ကုန်ဆုံး၍ ၂၀၂၃ ခုနှစ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ နှစ်သစ်ကို ကြိုဆိုရန် ပြင်ဆင်နေကြသည်။ ထိုသို့ ပြင်ဆင်ရာတွင် အချို့သောသူများသည် သောက်ရန်၊ စားရန်အတွက် အရက်နှင့်ဘီယာများစုကြသည်။ ဒီဇင်ဘာ ၃၁ ရက် ည ၁၂ နာရီထိုးပြီးလျှင် Happy New Year ဟုအော်ရန် Sound Box များနှင့် အသံချဲ့စက်များ ပြင်ဆင်ကြသည်။ အချို့သောသူများကမူ နှစ်သစ်ကူးနေ့တွင် ကောင်းမှုကုသိုလ်ပြုလုပ်ရန်နှင့် ပရဟိတလုပ်ငန်းများလုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိကြသည်။ နှစ်သစ်ကူးကာလကို အဓိပ္ပာယ်ရှိစွာ ဖြတ်သန်းကြသူများရှိသကဲ့သို့ သောက်စားမူးယစ်အော်ဟစ်ရင်း ဖြတ်သန်းကြသူများလည်း ရှိနေမည်ဖြစ်သည်။ လူအမျိုးမျိုး စိတ်အထွေထွေပင်ဖြစ်သည်။

**ထိန်းထိန်းသိမ်းသိမ်းပျော်သင့်**

အချို့သောမြန်မာတို့သည် မြန်မာ့ရိုးရာအစဉ်အလာပွဲတော်များဖြစ်သည့် ဆယ့်နှစ်ရာသီပွဲတော်ကာလများတွင် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ကြသည့်အပြင် အနောက်တိုင်းယဉ်ကျေးမှုဖြစ်သည့် ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ကူးပွဲတော်ကာလတွင်လည်း သောက်ကြ၊ စားကြသည်။ ပျော်ကြ၊ ပါးကြသည်။ အရက်သေစာသောက်စားမူးယစ်ပြီး မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များ အမြိုင်မောင်းနှင်ကြသဖြင့် ယာဉ်တိုက်မှုများ၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပွားပြီး သေကျေ၊ ထိခိုက်ဒဏ်ရာရရှိကြသည်။ တချို့သည် ငယ်ငယ်ရွယ်ရွယ်နှင့် လောကကြီးမှ ထွက်ခွာသွားကြရပြီး တချို့သည် ဒုက္ခိတဖြစ်သွားကြသည်။ အပျော်လွန်လျှင် အပျက်ဘက်သို့ ရောက်သွားလေ့ရှိသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

**တိုတောင်းလွန်းလှသော လူ့သက်တမ်း**

အချိန်ကုန်ဆုံးမှုသည် မြန်ဆန်လွန်းလှသည်။ တစ်နှစ်ဆိုသောအချိန်သည် ဘာမျှမကြာလိုက်သလိုပင် မြန်ဆန်စွာကုန်ဆုံးသွားသည်။ တစ်နှစ်သာကုန်ဆုံးသွားသည်။ အချို့သောသူများသည် ပြောင်းလဲတိုးတက်မှု မည်မည်ရရပင် မရှိခဲ့ပေ။ ချမ်းသာသောသူများက ပို၍ချမ်းသာသွားကြသည်။ ဆင်းရဲသားများက ဆင်းရဲတွင်း ပို၍နက်လာကြသည်။ ထိုသို့သောအခြေအနေများတွင် ချမ်းသာသူများသည် ဆင်းရဲသားများကို လက်တွဲခေါ်သင့်သည်။ ဆင်းရဲသားများကလည်း ပိုမိုဝီရိယစိုက်ထုတ်ကြိုးပမ်းပြီး အပြောင်းအလဲကို ဖော်ဆောင်သင့်သည်။ လူ့သက်တမ်းသည် တိုတောင်းလွန်းလှသည်။ ထိုသို့ တိုတောင်းလှသောကာလအတွင်း အဓိပ္ပာယ်ရှိသောအလုပ်များကို နေ့စဉ်ပြုလုပ်၍ မိမိဘဝကိုတန်ဖိုးရှိအောင် တည်ဆောက်သွားသင့်ပေသည်။

**နှစ်ဟောင်းတွင် ကြုံတွေ့ခဲ့ရ**

လူတိုင်းသည် နှစ်ဟောင်းတွင် အောင်မြင်မှုနှင့် ကျရှုံးမှု နှစ်မျိုးစလုံး ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်သူများ၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူး အားထုတ်ကြိုးပမ်းသူများ၊ ဒွဲ၊ လုံ့လ၊ ဝီရိယရှိသူများသည် နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှုရရှိခဲ့မည်မှာ အမှန်။ အချိန်ဖြုန်းသူများ၊ ပျင်းရိသူများ၊ ရည်မှန်းချက် ပျောက်ဆုံးနေသူများ၊ အချိန်ပြည့် ဖုန်းပွတ်နေသူများ၊ လက်ဖက်ရည်ဆိုင်ထိုင်နေသူများ၊ လောင်းကစားပြုလုပ်နေသူများသည် မည်သည့်အောင်မြင်မှုမျှမရဘဲ အသက်တစ်နှစ်သာ ကြီးသွားမည်ဖြစ်သည်။ အဆွေစာရှုသူသည် နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှုရရှိခဲ့မည်ဟု ရိုးသားစွာ ယုံကြည်မိပါသည်။

**အောင်မြင်မှုဆိုသည်မှာ**

လူသားတို့သည် အောင်မြင်မှုကို ယေဘုယျအားဖြင့် ငွေကြေး၊ ရာထူးတို့ဖြင့် တိုင်းတာကြသည်။ ဆိုရလျှင် ထိုအရာများသည် စစ်မှန်သောအောင်မြင်မှုဟု မဆိုနိုင်ချေ။ စစ်မှန်သော အောင်မြင်မှုသည် လွန်ခဲ့သောတစ်နှစ်အတွင်း မိမိ၏လောဘ၊ ဒေါသ၊ မောဟများကို မည်မျှလျှော့ချနိုင်ခဲ့သည်ဆိုသော အချက်ပေါ်တွင်သာ မူတည်သည်။ မိမိ၏ လုပ်ဖော်ကိုင်ဖက်များအပေါ် ကိုယ်ချင်းစာတရား ထားနိုင်ခဲ့သူများသည် အောင်မြင်မှုရရှိသူများဖြစ်ကြသည်။ နောက်တစ်ချက်သည် ၂၀၂၂ ခုနှစ်အတွင်း ဆေးရုံ၊ ဆေးခန်းမသွားရဘဲ ကျန်းမာရေး ဒေါင်ဒေါင်မြည်အောင် ကောင်းမွန်ခဲ့မည်ဆိုလျှင် အောင်မြင်မှုရရှိသူဖြစ်သည်။ ထို့ထက် အောင်မြင်မှုရရှိသူသည် အများအကျိုးကို သယ်ပိုးနိုင်ခဲ့သူဖြစ်သည်။

၂၀၂၂ ခုနှစ်အတွင်း တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်နိုင်ခဲ့မည်ဆိုလျှင် အောင်မြင်မှုရရှိသည်ဟုဆိုနိုင်သည်။ အမှန်စင်စစ်မှာမူ အများအကျိုးမည်မျှ သယ်ပိုးဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ လူတစ်ဦး၏ အောင်မြင်မှုကို တိုင်းတာနိုင်သည်။ အချို့သောသူများသည် ထားစရာမရှိအောင် ချမ်းသာကြသည်။ သို့သော် ဆင်းရဲသူများအတွက် တစ်ပြားတစ်ချပ်မျှပင် လှူဒါန်းလေ့မရှိပေ။ မိမိ၏ပိုင်ဆိုင်မှုများကို များသည်ထက်များလာအောင်သာ လောဘတက်နေကြသည်။ ထိုသူများသည် သေဆုံးချိန်တွင် ပိုင်ဆိုင်မှုပစ္စည်းများအားလုံးကို ထားခဲ့ကြရသည်။

**နှစ်သစ်သန္နိဋ္ဌာန်ချမှတ်သင့်**

နှစ်ဟောင်းတွင် မည်သို့ပင်ဖြတ်သန်းခဲ့စေကာမူ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ လူသစ်၊ စိတ်သစ်၊ အတွေးသစ်၊ ခွန်အားသစ်များဖြင့် ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များ၊ နှစ်သစ်သန္နိဋ္ဌာန်များ (New Year's Resolutions) ချမှတ်သွားသင့်သည်။ ထိုသန္နိဋ္ဌာန်များကို ဖြစ်နိုင်ပါက မှတ်စုစာအုပ်တွင် ချရေးထားသင့်သည်။ နှစ်သစ်တွင် ဆောင်ရွက်သွားမည်ဟု ရည်မှန်းထားသည့် စိတ်ကူးအိပ်မက်များကို နှစ်သစ်သန္နိဋ္ဌာန်ဟု ခေါ်ဆိုနိုင်သည်။ နိုင်ငံကြီးသားများသည် နှစ်စဉ် ခရစ်နှစ်ကုန်ဆုံးတိုင်း နှစ်သစ်သန္နိဋ္ဌာန်ချမှတ်လေ့ရှိသည်။ ထိုနည်းတူစွာ စာရေးသူတို့ မြန်မာနိုင်ငံသားများအနေဖြင့်လည်း နှစ်သစ်အတွက် ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်နယ်ပယ်များတွင် အောင်မြင်စွာ ကြိုးပမ်းသွားမည်ဆိုသော ခိုင်မာသည့် ရည်မှန်းချက်များ ချမှတ်ထားပြီး ဆောင်ရွက်သွားသင့်သည်။ နိုင်ငံကြီးသားများထံမှ ကောင်းမွန်သောအလေ့အထတို့ကို အတုယူသင့်သည်။

> ❖ နှစ်ဟောင်းတွင် မည်သို့ပင်ဖြတ်သန်းခဲ့စေကာမူ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ လူသစ်၊ စိတ်သစ်၊ အတွေးသစ်၊ ခွန်အားသစ်များဖြင့် ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များ၊ နှစ်သစ်သန္နိဋ္ဌာန်များ (New Year's Resolutions) ချမှတ်သွားသင့်သည်။ ထိုသန္နိဋ္ဌာန်များကို ဖြစ်နိုင်ပါက မှတ်စုစာအုပ်တွင် ချရေးထားသင့်သည်။ နှစ်သစ်တွင် ဆောင်ရွက်သွားမည်ဟု ရည်မှန်းထားသည့် စိတ်ကူးအိပ်မက်များကို နှစ်သစ်သန္နိဋ္ဌာန်ဟု ခေါ်ဆိုနိုင်သည်။ နိုင်ငံကြီးသားများသည် နှစ်စဉ် ခရစ်နှစ်ကုန်ဆုံးတိုင်း နှစ်သစ်သန္နိဋ္ဌာန်ချမှတ်လေ့ရှိသည်။ ❖

**လက်တွေ့ကျကျ ကြိုးပမ်းသွားရန်လို**

လူတစ်ဦးသည် နေ့စဉ် စားဝတ်နေရေးအပြင် ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်နယ်ပယ်ပေါင်းစုံတွင် ဆောင်ရွက်ဖွယ်ရာများ မြောက်မြားစွာရှိနေသည်။ ထိုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်သည် ကိုယ်စီခံယူချက်နှင့် ကြိုးပမ်းအားထုတ်မှုများပေါ်တွင်သာ မူတည်နေသည်။ လူတစ်ဦးသည် နှစ်ဟောင်းတွင် မိမိ၏မိသားစုနှင့် လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကျိုးကို အနည်းအကျဉ်းမျှ ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းမရှိလျှင် ထိုသူသည် တိုင်းပြည်နှင့်လူမျိုးအတွက် လူပိုတစ်ဦးသာဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်ချင်းစီသည် လူ့အသိုက်အဝန်းအတွက် လူပိုတစ်ဦးကဲ့သို့ ဖြစ်မနေစေရန် နှစ်သစ်အတွက် စိတ်ကူးအိပ်မက်သစ်များ ချမှတ်ထားသင့်သည်။ ထိုစိတ်ကူးမျှော်မှန်းချက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် နှစ်သစ်ကူးနေ့မှစ၍ လက်တွေ့ကျကျ ကြိုးပမ်းသွားရန်လိုအပ်သည်။

**အသိခေါက်ရက် အဝင်နက်**

လူတစ်ဦးသည် လူ့အသိုက်အဝန်းကို အကျိုးမပြုနိုင်လျှင်တောင်မှ အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်မိအောင် အထူးသတိထား ရှောင်ကြဉ်သွားသင့်သည်။ အချို့သောသူများသည် အတတ်ပညာပိုင်းတွင် ဘွဲ့၊ ဒီဂရီများရရှိထားသော်လည်း အသိပညာပိုင်းတွင်မူ အားနည်းကြသည်။ အသိခေါက်ရက် အဝင်နက်ကြသည်။ သဒ္ဓါလွန်၍ တဏှာကျွံသွားကြသည်။ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို ခွဲခြားနိုင်စွမ်း အားနည်းသွားကြသည်။ အဖျက်အမှောင့်လုပ်ငန်းများကို မျက်စိစုံမှိတ်၍ လုပ်ဆောင်လာကြသည်။ လူ့အသိုက်အဝန်းအတွက် အန္တရာယ်ရှိသောသူများပင် ဖြစ်သည်။ စင်စစ်အားဖြင့် ကျိုးကြောင်းဆီလျော်စွာ တွေးတောဆင်ခြင်နိုင်စွမ်း အားနည်းသူများနှင့် တည်ဆောက်ထားသော လူ့အသိုက်အဝန်းသည် ဆုတ်ယုတ်မှုဆီသို့ ဦးတည်စေတတ်ပေသည်။

ဆိုရလျှင် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိတော့မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့် အဆိုး ဒွန်တွဲ၍ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံး ကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ် ပေါင်းစုံတွင် အောင်မြင်မှုများပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီ စိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစုနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် နှစ်ဟောင်းတွင် ဆောင်ရွက်ခဲ့မှုများကို အပြန်ပြန်အလှန်လှန်သုံးသပ်၍ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များဖြင့် ကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်းအကြံပြုသွားလိုပါသည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# အင်ပူမြို့နယ် ဂျီတွော+အလယ်စု+အရှေ့စုကျေးရွာ၌ ကန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး



**အင်ပူ ဒီဇင်ဘာ ၃၀**

ရေဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်ပူမြို့နယ် ဂျီတွော+အလယ်စု+အရှေ့စုကျေးရွာ၌ ကန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းနှင့် ဝန်ထမ်းများက ကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာများနှင့်အတူ ဂျီတွော+အလယ်စု+အရှေ့စုကျေးရွာ ကန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကန်ထုတ်လမ်းအရှည် တစ်မိုင် ၆ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၀ ပေ၊ အမြင့်ကိုးလက်မ ဖောက်လုပ်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၄ ဒသမ ၀၉ သန်းဖြင့် ရွှေအောင်လံကုမ္ပဏီက အောက်တိုဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သံသာ**

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ဒါးပိန်ပန်းပုအလုပ်ရုံများမှ ဓာတ်လုံးကိုင်မင်္ဂလာနဂါးရုပ်များ မှာယူမှုရှိနေ



**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ဒါးပိန်ပန်းပုကျေးရွာရှိ ပန်းပုအလုပ်ရုံများမှ ဓာတ်လုံးကိုင်မင်္ဂလာနဂါးရုပ်များ မှာယူမှုရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွက် ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ပိတောက်သားဖြင့် ထုလုပ်ထားသည့် ဓာတ်လုံးကိုင် မင်္ဂလာနဂါးရုပ်များကို အဓိကမှာယူနေခြင်းဖြစ်ပြီး အရွယ်အစားမှာ အလျား လက်မ ၂၀၊ အမြင့် ၁၁ လက်မ၊ ဒုသုံးလက်မဖြစ်ကြောင်း သိရသည်။

"အခုအော်ဒါကတော့ ရန်ကုန်မြို့ပေါ်က ဆိုင်တွေက အဓိကမှာတာပါ။ လာမဲ့ နှစ်သစ်အတွက် ကြိုတင်မှာယူထားတာ ဖြစ်ပါတယ်။ ပိတောက်သားနဲ့ ထုလုပ်ပေးရမှာဖြစ်ပါတယ်။ အော်ဒါရထားတာကတော့ အရုပ် ၁၀၀ ပါ။ ဈေးကွက်ထဲမှာ ဘယ်လောက်ရောင်းမလဲတော့ မသိဘူး။ ကျွန်တော်တို့ကတော့ လက်ခအနေနဲ့ တစ်ရုပ်ကို ငွေကျပ် ငါးသောင်းယူပါတယ်"ဟု လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူထားသည့် အလျား လက်မ ၂၀၊ အမြင့် ၁၁ လက်မ၊ ဒုသုံးလက်မ အရွယ်အစား နဂါးရုပ်တစ်ခုလျှင် ပန်းပုဈေးကွက်အတွင်း ငွေကျပ် ၈၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပန်းပုထည်များကို ထုလုပ်ရာတွင် စိတ်ကြိုက်ပန်းပုရုပ်များ ထုလုပ်ခြင်းထက် ဈေးကွက်မှာယူသည့် အရွယ်အစား၊ ပုံစံကိုသာ အဓိကထားထုလုပ်နေရကြောင်း သိရသည်။

ASH

# (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် မြစ်ကြီးနားမြို့၌ ကျင်းပသွားမည်

**မြစ်ကြီးနား ဒီဇင်ဘာ ၃၀**

(၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် မြစ်ကြီးနားမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။

အဆိုပါ (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်း၌ နှစ်ရက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်အနေနဲ့ မနောပွဲကို နှစ်စဉ်အစဉ်အလာမပျက် ဇန်နဝါရီ ၁၀ ရက်မှာ ကျင်းပလျက်ရှိပါတယ်။ ဒီနှစ်မှာလဲ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်းက ကချင်တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ တက်ရောက်ကြမှာဖြစ်ပါတယ်။ ပွဲတော်ကို နှစ်ရက်တိုင်တိုင် စည်စည်ကားကား ကျင်းပသွားမှာပါ။ မနောပွဲတော်အတွက် မနောကွင်းကိုလဲ အစိုးရအဖွဲ့ရုံးဝင်းအတွင်းမှာ တည်ဆောက်နေပါတယ်"ဟု ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ပြောပြသည်။



(၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ်မနောပွဲတော်တွင် ကချင်ပြည်နယ်ဒေသထုတ်ကုန်ပြခန်းများကိုလည်း ထည့်သွင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် မနောပွဲတော်ကို နှစ်စဉ် ဇန်နဝါရီ ၁၀ ရက်နေ့ရောက်တိုင်း ကချင်တိုင်းရင်းသားမျိုးနွယ်စုများ စုံညီစွာဖြင့် စည်ကားစွာ ကျင်းပပြုလုပ်လေ့ရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားနှင့် အများဆုံးလာရောက်ဆင်နွှဲသည့် ပွဲတော်တစ်ခုလည်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# ၂၀၂၂ ခုနှစ်အတွင်း ပရိသတ်အကြည့်အများဆုံး ဇာတ်ကားနှင့် ရုပ်သံဇာတ်လမ်းတွဲစာရင်း ထုတ်ပြန်ထား

**နယူးယောက် ဒီဇင်ဘာ ၃၀**

၂၀၂၂ ခုနှစ်အတွင်း ပရိသတ်အကြည့်အများဆုံး ရုပ်ရှင်ဇာတ်ကားနှင့် ရုပ်သံဇာတ်လမ်းတွဲများ စာရင်းကို Netflix ရုပ်ရှင်ကုမ္ပဏီက ဒီဇင်ဘာ ၂၇ ရက်က ထုတ်ပြန်ထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

Netflix ကုမ္ပဏီ၏ ပရိသတ်အားပေးမှုအများဆုံး ရုပ်ရှင်ဇာတ်ကား ၁၀ ကားစာရင်းတွင် ဒါရိုက်တာ ရိုင်ယန်ဂျွန်ဆင်၏ Glass Onion : A Knives Out Mystery ဇာတ်ကားက နံပါတ်(၁) နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

Glass Onion : A Knives Out Mystery ဇာတ်ကား၏ ပရိသတ်ကြည့်ရှုချိန် နာရီပေါင်းမှာ ၈၂၁၄၀၀၀၀ နာရီထိရှိကြောင်း သိရသည်။

ဒုတိယနေရာ၌ ရပ်တည်နေသော ရုပ်ရှင်ဇာတ်ကားမှာ The Volcano: Rescue From Whakaari ဇာတ်ကားဖြစ်ပြီး ပရိသတ်ကြည့်ရှုချိန် နာရီပေါင်း ၂၅၁၁၀၀၀၀ ထိရှိခဲ့သည်။

၂၀၂၂ ခုနှစ်၏ ပရိသတ်ကြည့်ရှုမှုအများဆုံး Netflix ရုပ်ရှင်ကုမ္ပဏီ၏ ရုပ်သံဇာတ်လမ်းတွဲမှာ Strangers Thing-4 ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါရုပ်သံဇာတ်လမ်းတွဲမှာ ပရိသတ်ကြည့်ရှုချိန် နာရီပေါင်း တစ်ဘီလီယံကျော်ထိ ရှိခဲ့ကြောင်း Netflix ရုပ်ရှင်ကုမ္ပဏီ၏ အဆိုအရ သိရသည်။ KKO

# Avatar:The Way of Water ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်နိုင်

**နယူးယောက် ဒီဇင်ဘာ ၃၀**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ Avatar:The Way of Water ဇာတ်ကား၏ ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်လွန်သွားနိုင်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

ယခုနှစ် ဒီဇင်ဘာ ၁၆ ရက်က စတင်ရုံတင်ပြီး ဒုတိယသီတင်းပတ်ကုန်ဆုံးချိန်တွင် Avatar: The Way of Water ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၈၅၅ ဒသမ ၄ သန်းထိ ရှိလာပြီဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၏ ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၅၄ သန်းကျော်နှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၆၀၁ သန်းကျော်ရရှိထားကြောင်း သိရသည်။

အထက်ပါဝင်ငွေ ပမာဏအရ Avatar: The Way of Water ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်သွားနိုင်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို မူလ Avatar(2009) ဒါရိုက်တာ ဂျိမ်းကင်မရွန်ကပင် တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။ KKO



# Luther:The Fallen Sun ကို ၂၀၂၃ ခုနှစ် မတ်လတွင် ထုတ်လွှင့်ပြသမည်

**နယူးယောက် ဒီဇင်ဘာ ၃၀**

Luther:The Fallen Sun ဇာတ်ကားကို ၂၀၂၃ ခုနှစ် မတ်လတွင် Netflix ကုမ္ပဏီက ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ယူပီအိုင် သတင်းဌာနက ဒီဇင်ဘာ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် နာမည်ကျော် Luther ရုပ်သံဇာတ်လမ်းတွဲများ၏ နောက်ဆက်တွဲရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း၊ Luther ဇာတ်လမ်းတွဲကို BBC One ရုပ်သံလိုင်းက အခန်း (၅) ခန်းခွဲထုတ်လွှင့်ခဲ့ပြီး နောက်ဆုံးအခန်းဖြစ်သည့် အခန်း (၅) ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Luther ဇာတ်ကားတွင် အင်္ဂလိပ်မင်းသား အိုက်ဒရစ်အယ်ဘာက စည်းမျဉ်းများကိုလက်မခံလိုသော ရဲစုံထောက်အရာရှိ လူသာအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

Luther:The Fallen Sun ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို Luther ရုပ်သံဇာတ်လမ်းတွဲ ဖန်တီးရှင် နီခရော့က ရေးသားပေးထားကြောင်း၊ Luther ဇာတ်လမ်းတွဲ အခန်း (၅) ကို ရိုက်ကူးခဲ့သော ဒါရိုက်တာ ဂျေမီပေနီက Luther:The Fallen Sun ကို ရိုက်ကူးပေးထားကြောင်း သိရသည်။

KKO



# Final and prize-giving ceremony of State Administration Council Chairman's Trophy 2023 Diamond Jubilee Independence Day Commemorative Inter-Ministry U-25 Men's Football Tourney held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing watches the fina



Senior General Min Aung Hlaing watches the final match.




**Nay Pyi Taw December 30**

Final and prize-giving ceremony of State Administration Council Chairman's Trophy 2023 Diamond Jubilee Independence Day Commemorative Inter-Ministry U-25 Men's Football Tourney was held at Wunnatheikdi Stadium here this evening. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing watched the final match and gave away prizes to winners.

Also present were SAC Joint Secretary Lt-Gen Ye Win Oo, SAC members, Union level officials Union ministers, the Nay Pyi Taw Council Chairman, senior military officers the Nay Pyi Taw Command commander, deputy ministers, managers, coaches and athletes of ministry sports teams, ministry official and staff, official of Myanmar Football Federation, sports enthusiasts.

The two finalists, Ministry of Planning and Finance team and Ministry of Sports and Youth Affairs team, played a thrilling match with all-out efforts. MoPF scored an opener in first 15 minutes. As the MoSYA got an equalizer four minutes later, the first half ended with a 1-1 draw. During the exciting second-half, MoPF scored three more goals and won the championship trophy with 4-1.

At the prize-giving ceremony, SAC members U Moung Har, Jeng Phang Naw Taung, Daw Aye Nu Sein, U Khin Maung Swe and Mahn Nyein Maung presented medals and cash awards to best athletes.

SAC member Lt-Gen Moe Myint Tun presented individual medals, honorary awards and cash awards to the fourth-prize winner Ministry of Border Affairs team, SAC member Admiral Tin Aung San, individual medals, honorary awards and cash awards to the third-prize winner Ministry of Home Affairs team, SAC member General Mya Tun Oo, individual medals, honorary awards and cash awards to the second-prize winner MoSYA team.

See Page 13



Senior General Min Aung Hlaing presents cash award to the winning team.



SAC member presents medal to an individual winner.



SAC member presents medal to an individual winner.



SAC member presents medal to an individual winner.

# Over 270 tankers docked at Yangon ports within 11 months


A tanker docked at Yangon port.

**Yangon December 30**

More than 270 tankers docked at Yangon ports from January to November in this year, according to Myanma Port Authority.

Now, there are eight international jetties in Thilawa port area that can accommodate large oil tankers.

The storage tanks of the eight jetties can be stored 2.66 million tons of diesel (76 million gallons) and 2.99 million tons of gasoline (95 million gallons).

As a result, Myanmar can import over five million tons of fuel annually: 3.4 million tons of diesel and about 2 million tons of gasoline.

Monthly imports of fuel are as per following: 461.969 tons of fuel in January, 562.816 tons of fuel in February, 462.213 tons of fuel in March, 168.777 tons of fuel in April, 318.716 tons of fuel in May, 352.061 tons of fuel in June, 304.124 tons of fuel in July, 411.545 tons of fuel in August, 451.363 tons of fuel in September, 402.496 tons of fuel in October and 374.274 tons of fuel in November.

336

# Vocational courses, technical courses conducted in November of 2022-23 FY

**Nay Pyi Taw December 30**

The Ministry of Cooperatives and Rural Development stated that it has conducted vocational courses 55 times and technical courses 90 times in November of 2022-23 fiscal yea .

The Department of Rural Development and the Department of SME Development under the ministry conduct the vocational courses and technical coruses for rural youths to have job opportunities and to improve socio-economic development of their respective regions.

In this regard, the Department of Rural Development conducts the vocational courses whereas the Department of SME Department, the technical courses.

In November 2022, the Rural Development Department opened seven subjects of vocation courses for 55 times to turn out 1,055 trainees.

Likewise, the SME Department conducted 21 kinds of technical courses for 90 times to be able to turn out 1,690 trainees.

The vocational subjects are agriculture and livestock, livestock and veterinary, computer internet, diesel electronic, carpentor, masonry, domestic science (motorcycle servicing, weaving, stone polishing and finished works of bamboo and wood.

Technical course comprises subjects on value-added product, costemic and personal goods, basic motorcycle servicing, wiring, basic welding, one piston engine maintenance, wickerwork, plastic product, coconut based industries, basic tailoring, printing and dyeing, and water colour, loom operating.

336

# Cherry ferry boats running between Pansodan and Dala rescheduled from December 26

**Yangon December 30**

The schedule of the Cherry ferry boats operated between Pansodan-Dala will be change starting from December 26, 2022, according to reports from the Department of Inland Water Transport.

The Department of Inland Water Transport under the Ministry of Transport and Communications is arranged Yangon-Dala and Yangon-Seikkyi/Khanaungto ferry boats for the convenience of workers coming to Yangon City from Seikkyi/Khanaungto and Dala townships located on the other side of Yangon, where there is no road connection with Yangon.

In the days before the outbreak of the Covid-19 pandemic, the Yangon-Dala ferry route operated by ferry lines operated at a rate of 48 times a day from 5:00 am to 9:30 pm using the ferry boats provided by Japan, and transported about 30,000 passengers regularly.

Therefore, the last boat will be run at 7:00 pm from Yangon City's Pansodan jetty and at 6:40 pm from Dala jetty.

The fare for the Pansodan-Dala ferry trip is 200 kyats per person, 800 kyats per motorcycle, 200 kyats per rickshaw, and 100 kyats per bicycle.

336


Cherry ferry boat seen at Pansodan Jetty.

*From Page 12*

SAC Joint Secretary Lt-Gen Ye Win Oo presented individual medals to championship-trophy winner MoPF team.

Senior General Min Aung Hlaing presented cash awards and championship trophy to MoPF, and cordially greeted footballers.

MoSYA organized the football matches, which began on 16 December, with the goal of improving the Myanmar sports level and bringing about outstanding footballers. In today's fin 1, MoPF beat MoSYA and won the championship trophy.

100


SAC member presents medal to an individual winner.


SAC member presents medal to an individual winner.


Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီရန်နိုင်ငံက Hormuz ရေလက်ကြားအနီးတွင် စစ်ရေးလေ့ကျင့်မှုများပြုလုပ်



အီရန်စစ်ဘက်သည် Hormuz ရေလက်ကြားအနီးရှိ မဟာဗျူဟာမြောက် တောင်ပိုင်းဒေသများတွင် ဒီဇင်ဘာ ၂၉ ရက်၌ စစ်ရေးလေ့ကျင့်မှုကို စတင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ IRNA က ရေးသားဖော်ပြသည်။

မောင်းသူမဲ့ဒရုန်းများနှင့် ရေငုပ်သင်္ဘောများအပါအဝင် ဝေဟင်၊ မြေပြင်နှင့် ရေတပ်တပ်ဖွဲ့များပါဝင်သော ပူးတွဲစစ်ရေးလေ့ကျင့်မှုကို Hormuz ရေလက်ကြားအရှေ့ဘက်၊ Jask ဆိပ်ကမ်းအရှေ့တောင်ဘက်တစ်ဝိုက်တွင် ပြုလုပ်ခဲ့ကြောင်း လက်နက်ကိုင်တပ်ဖွဲ့ လက်ထောက်ညှိနှိုင်းရေးမှူး ရေတပ်ဗိုလ်ချုပ်ကြီး Habibollah Sayyari က IRNA သို့ ပြောကြားခဲ့သည်။

Hormuz ရေလက်ကြားသည် ကမ္ဘာ့ရေနံထွက်ရှိမှု၏ ငါးပုံတစ်ပုံကို ဖြတ်သန်းကူးသန်းရောင်းဝယ်နေသော ပင်လယ်ကွေ့၏ မဟာဗျူဟာမြောက်အချက်အချာနေရာဖြစ်သည်။ အီရန်နိုင်ငံ၏ စစ်ရေးလေ့ကျင့်မှုတွင် မြေပြင်တပ်ဖွဲ့များ၏ခြေလျင်၊ သံချပ်ကာနှင့် စက်ပြင်တပ်ဖွဲ့များ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့၏ လက်နက်စနစ်များပါဝင်မည်ဖြစ်ကြောင်း Habibollah Sayyari က ဆိုသည်။

လေတပ်မှ မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်များနှင့်အတူ အီရန်ရေတပ်မှ တပ်ဖွဲ့ဝင်များလည်း ပါဝင်ပြုလုပ်သွားမည်ဖြစ်သည်။ မောင်းသူမဲ့ဒရုန်းများသည် ရန်သူတိုက်ခိုက်ရေးတပ်ဖွဲ့များနှင့်ပတ်သက်၍ သတင်းအချက်အလက်စစ်ဆင်ရေးကို လေ့ကျင့်ဆောင်ရွက်ခြင်း၊ တိုက်ခိုက်ခြင်းအပြင် စောင့်ကြည့်ထောက်လှမ်းရေးစစ်ဆင်ရေးများကိုပါ လေ့ကျင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခင်နှစ် အလားတူစစ်ရေးလေ့ကျင့်မှုအတွင်း အီရန်စစ်ဘက်က စစ်ရေးလေ့ကျင့်မှုကျင်းပရာ ပင်လယ်ရေပြင်ပေါ်တွင်ပျံသန်းနေခဲ့သော အမေရိကန်မောင်းသူမဲ့ဒရုန်းနှစ်စင်းကို သတိပေးခဲ့ကြောင်း Sayyari က ပြောကြားခဲ့သည်။

မေလတွင် နိုင်ငံပိုင်ရုပ်မြင်သံကြားမှ အနောက်ပိုင်း Zagros တောင်တန်းအောက်ရှိ လေတပ်အခြေစိုက်စခန်းတစ်ခုကို မောင်းသူမဲ့ဒရုန်းများအတွက် ထုတ်လွှင့်ပြသခဲ့သည်။ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း ဇူလိုင်လတွင် မောင်းသူမဲ့ဒရုန်းများ တင်ဆောင်တိုက်ပွဲဝင်နိုင်သည့် ၎င်း၏ ပထမဆုံးသော စစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများကို ထုတ်ဖော်ပြသခဲ့သည်။

ဩဂုတ်လတွင် အီရန်စစ်ဘက်သည် မောင်းသူမဲ့ဒရုန်းအစီးရေ ၁၅၀ ပါဝင်သော နိုင်ငံတစ်ဝန်း အကြီးစားဒရုန်းလေ့ကျင့်မှုကို စတင်ခဲ့သည်။

အီရန်၏ အဓိကရန်သူဖြစ်သည့် အမေရိကန်နှင့် အစ္စရေးတို့က တီဟီရန်ကို ပင်လယ်ကွေ့အတွင်း အမေရိကန်တပ်ဖွဲ့များနှင့် အစ္စရေးနှင့်ဆက်နွယ်သည့် စစ်ဘက်၊ အရပ်ဘက် သင်္ဘောများကို တိုက်ခိုက်ရန်အတွက် ဒရုန်းများနှင့်ဒုံးကျည်များအသုံးပြုခဲ့သည်ဟု စွပ်စွဲထားသည်။

ယူကရိန်းပဋိပက္ခတွင် အသုံးပြုနိုင်ရန် ရုရှားကို မောင်းသူမဲ့ဒရုန်းများပံ့ပိုးပေးနေကြောင်း အီရန်ကိုစွပ်စွဲထားပြီး အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများဖြင့် ရင်ဆိုင်နေရကာ အီရန်က အဆိုပါစွပ်စွဲချက်များအပေါ် အခိုင်အမာ ငြင်းဆိုထားဆဲဖြစ်သည်။

**Iran to Hold Military Exercises Near Strait of Hormuz ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(တိုင်ပေ)သို့ ကန်ဒေါ်လာ သန်း ၁၈၀ တန် တင့်ဖျက်လက်နက်များရောင်းချရန် အမေရိကန်အတည်ပြု



တရုတ်(တိုင်ပေ)သို့ ယာဉ်တင် တင့်ဖျက်-တိုက်ခိုက်ရေးစနစ်များကို အမေရိကန်ဒေါ်လာ သန်း ၁၈၀ ဖိုး ရောင်းချရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် အတည်ပြုခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။ သို့ဖြစ်၍ အဆိုပါသဘောတူညီချက်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကျွန်းနှင့် ၎င်း၏ အဓိကမဟာမိတ်တို့ကြား နောက်ဆုံးခွင့်ပြုပေးခဲ့သော စစ်လက်နက်ပံ့ပိုးရောင်းချရေး သဘောတူညီချက်ဖြစ်သည်။

တရုတ်(တိုင်ပေ)သည် Volcano တင့်ဖျက်ခဲယမ်းများ တင်ဆောင်၊ ချခင်းသည့်စနစ်၊ ကုန်တင်ထရပ်ကားများ၊ ခဲယမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သဘောတူညီချက်အရ အခြားဆက်စပ်ဝန်ဆောင်မှုများစွာကို လက်ခံရရှိမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ဒီအဆိုပြုရောင်းချမှုက တရုတ်(တိုင်ပေ)နိုင်ငံရဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကို ခေတ်မီစေဖို့နဲ့ ယုံကြည်စိတ်ချရလောက်တဲ့ခံစစ်စွမ်းရည်ကို ဆက်လက်ထိန်းသိမ်းထားဖို့ ကြိုးပမ်းအားထုတ်မှုတွေကို ပံ့ပိုးကူညီပေးခြင်းဖြင့် အမေရိကန်နိုင်ငံရဲ့ အမျိုးသားစီးပွားရေးနဲ့ လုံခြုံရေးအကျိုးစီးပွားတွေကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးပါတယ်"ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်(တိုင်ပေ)ကို စစ်ရေးအကူအညီ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထိပါဝင်သော ကာကွယ်ရေးအသုံးစရိတ်ဥပဒေကြမ်းကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြီးခဲ့သည့်သီတင်းပတ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်ထိ တရုတ်(တိုင်ပေ)ကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထိ အကူအညီပေးမည့်ဥပဒေကြမ်းကို ခွင့်ပြုထားသည်။

အမေရိကန် အောက်လွှတ်တော်က ဥပဒေကြမ်းအပေါ် အစောပိုင်းအတည်ပြုချက်ကို တုံ့ပြန်သည့်အနေဖြင့် အမျိုးသားကာကွယ်ရေးခွင့်ပြုချက် အက်ဥပဒေကို အသုံးပြု၍ တရုတ်နိုင်ငံနှင့်ပတ်သက်သည့် အပျက်သဘောဆောင်သည့် အကြောင်းအရာများကို ပြတ်ပြတ်သားသားကန့်ကွက်ကြောင်း တရုတ်နိုင်ငံက ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၆ ရက်တွင် တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက တရုတ်နိုင်ငံသည် တိုက်လေယာဉ် ဒါဇင်များစွာအပါအဝင် စစ်လေယာဉ် ၇၁ စင်းဖြင့် တရုတ်(တိုင်ပေ)တစ်ဝိုက်တွင် စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ တရုတ်(တိုင်ပေ)၏ တင့်ဖျက်လက်နက်စနစ်သစ်များဝယ်ယူခြင်းသည် ဒေသတွင်းအခြေခံစစ်ရေးအင်အားကို ပြောင်းလဲမည်မဟုတ်ကြောင်း အမေရိကန်၏ လက်နက်ရောင်းချမှုဆိုင်ရာထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုပြုထားသောရောင်းချမှုသည် တရုတ်(တိုင်ပေ)နိုင်ငံ၏ လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများအပေါ် တုံ့ပြန်ခုခံနိုင်စွမ်းကို မြှင့်တင်ပေးမည်ဖြစ်ပြီး ရန်ဘက်များကို ဟန့်တားရန်နှင့် ဒေသတွင်းစစ်ဆင်ရေးများတွင် ပါဝင်ဆောင်ရွက်နိုင်သော ယုံကြည်စိတ်ချရသည့် တပ်ဖွဲ့တစ်ရပ်ဖြစ်လာစေရေးဖြစ်သည်ဟု ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

**US Approves $180M Anti-Tank Weapons Sale to Taiwan ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းမြို့တော်အပါအဝင် နိုင်ငံတစ်ဝန်း ရုရှားဒုံးကျည်များဖြင့်တိုက်ခိုက်ခံခဲ့ရကြောင်း ယူကရိန်းစစ်ဘက်ပြောကြား



ရုရှားတို့က ယူကရိန်းရှိ မြို့တော်နှင့် မြို့ကြီးများအပါအဝင် နိုင်ငံတစ်ဝန်း၌ ဒုံးကျည်များဖြင့် တိုက်ခိုက်ခံခဲ့ရကြောင်း ဒီဇင်ဘာ ၂၉ ရက်တွင် ယူကရိန်းစစ်ဘက်က ပြောကြားခဲ့သည်။

"ဒီဇင်ဘာ ၂၉ ရက်မှာ ရုရှားဟာ အကြီးစားဒုံးကျည်တိုက်ခိုက်မှုတစ်ရပ်ကို ထပ်မံပြုလုပ်ခဲ့ပါတယ်။ မဟာဗျူဟာမြောက်လေယာဉ်နဲ့ ရေယာဉ်တွေက ပင်လယ်ပြင်နဲ့ ဝေဟင်ပစ်ခရုဇ်ဒုံးကျည်တွေ အသုံးပြုပြီး လားရာမျိုးစုံကနေတိုက်ခိုက်ခဲ့တာဖြစ်ပါတယ်"ဟု ယူကရိန်းလေတပ်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

ယူကရိန်းနိုင်ငံသမ္မတ လက်ထောက် Mykhaylo Podolyak ၏ အဆိုအရ ရုရှားတို့သည် စုစုပေါင်းဒုံးကျည် ၁၂၀ ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ် ဖေဖော်ဝါရီလ ဆောင်းဦးရာသီတွင် ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံ စွမ်းအင်အခြေခံအဆောက်အအုံများကို မောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းများနှင့်အတူ အကြီးစားဒုံးကျည်တိုက်ခိုက်မှုများကို အကြိမ်ကြိမ်ပြုလုပ်လာခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက် နံနက်တွင် ကီယက်ဗ်မြို့ မြို့တော်ဝန်ဗီတာလီကလစ်ရှ်ကိုက အရေးပေါ်လျှပ်စစ်ဓာတ်အားဖြတ်တောက်ရန်သတိပေးခဲ့ပြီး မြို့တော်ကီယက်ဗ်အပါအဝင် နိုင်ငံတစ်ဝန်းရှိမြို့ကြီးများတွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြို့တော်အရှေ့ဘက်ရှိ နေအိမ်နှစ်လုံးကို ဒုံးကျည်အပိုင်းအစများဖြင့် ထိမှန်ခဲ့သည်။ မြို့တော်၏ အနောက်တောင်ဘက်တွင် စက်မှုလုပ်ငန်းတစ်ခုနှင့် ကစားကွင်းတစ်ခုပျက်စီးခဲ့ကြောင်း ကီယက်ဗ်မြို့စစ်ဘက်အုပ်ချုပ်ရေးကပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံအရှေ့ဘက်ရှိ ဒုတိယမြို့တော် Kharkiv တွင်လည်း ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း မြို့တော်ဝန် Igor Terekhov က ပြောကြားခဲ့သည်။ အလားတူ ယူကရိန်းနိုင်ငံအနောက်ပိုင်း Lviv တွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ Lviv ဒေသအုပ်ချုပ်ရေးမှူး Maksim Kozytski က လေကြောင်းရန်ကာကွယ်ရေးစနစ်များ တိုက်ပွဲဝင်အသင့်လုပ်ဆောင်နေပြီး ဒေသခံများကို ဗုံးခိုကျင်း၊ အမိုးအကာများတွင် နေထိုင်ကြရန် ညွှန်ကြားထားခဲ့ကြောင်း သိရသည်။

**Ukraine Reports 'Massive' Russian Missile Attack ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၆၁၉ ဧက စိုက်ပျိုးပြီးစီး



**လပွတ္တာ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၆၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ လပွတ္တာမြို့နယ်တွင် ဆီထွက်သီးနှံမြေပဲကို ယခုနှစ် နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံမြေပဲ ၆၁၉ ဧက စိုက်ပျိုးနိုင်ရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းပြီး စိုက်ကွက်ဖော်သည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"တစ်မြို့နယ်လုံးအနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံမြေပဲ ၆၁၉ ဧကကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ ဆောင်းသီးနှံတွေစိုက်ပျိုးဖို့အတွက် လိုအပ်တဲ့နည်းပညာတွေလဲပေးထားပါတယ်။ အခုလို ဆောင်းသီးနှံတွေ အဆင်ပြေပြေ စိုက်ပျိုးနိုင်တဲ့အခါ ပြန်လည်ရိတ်သိမ်းတဲ့အချိန်မှာလဲ သီးနှံတွေ အလေအလွင့်မရှိဘဲ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေထဲမှာ မြေပဲအပြင် နေကြာနဲ့နှမ်းကိုလဲ စိုက်ပျိုးထားပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၆၁၉ ဧကကို ဒေသခံတောင်သူ ၁၄၉ ဦးက အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံမြေပဲများ အထွက်နှုန်းကောင်းစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုသည့် နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ မြေပဲမျိုးကောင်းမျိုးသန့် အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များ စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဆိပ်ဖြူမြို့နယ် ထိန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက ထိန်ကန်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ချေးငွေကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ထိန်ကန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဒုတိယအကြိမ်အဖြစ် ထိန်ကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် သိန်း ၁၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၁၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၂၅ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူဦးရေ ၆၀ ကို ငွေကျပ် ၈၈ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွံ့ယဉ်**

# မိုင်းတုံမြို့နယ် နမ့်ညုချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းတုံ ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မိုင်းတုံမြို့နယ်တွင် နမ့်ညုချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းထွန်းအောင်နှင့် တာဝန်ရှိသူများက မိုင်းတုံမြို့နယ် နမ့်ညုချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး မိုင်းတုံမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့သည်။

မိုင်းတုံမြို့နယ်တွင် အလျား ပေ ၇၀၀၀၊ ချောင်းအောက်ကြမ်းပြင်အကျယ် ပေ ၂၀၊ အနက် လေးပေရှိ နမ့်ညုချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် သန်း ၄၀ ဖြင့် သုံးယိုင်းဟွားကုမ္ပဏီက ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းနှင့် အဆိုပါနမ့်ညုချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် မိုင်းတုံမြို့နယ် ဝမ်နားရွာရှိ အိမ်ခြေ ၅၀ နှင့် လယ်ယာမြေဧက ၆၀ ခန့် မိုးကာလ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ရာ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၀-၁၂-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| **(ဓွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ် မိတ်ဆုံစားပွဲကျင်းပ




**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဝန်ထမ်းများနှင့် မိတ်ဆုံနေ့လယ်စာကို လက်ရည်တစ်ပြင်တည်းသုံးဆောင်စဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်အစိုးရ၏ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသော ဝန်ထမ်းများကို မိသားစုသဖွယ်အသိအမှတ်ပြုသောအားဖြင့် မိတ်ဆုံနေ့လယ်စာစားပွဲများ လစဉ်ကျင်းပပေးလျက်ရှိရာ ယနေ့ မွန်းတည့် ၁၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ တတိယအကြိမ် မိတ်ဆုံစားပွဲကို အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နိုင်ငံတော်၏ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျရာအခန်းကဏ္ဍအသီးသီး၌ သစ္စာရှိရှိတာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းသည် ဝန်ထမ်းများအားလုံး၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မိတ်ဆုံစားပွဲမှတစ်ဆင့် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများကို ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် တိုင်ပင်ညှိနှိုင်းဆွေးနွေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် ရာထူးအဆင့်အလိုက် ကျရာကဏ္ဍအသီးသီးမှ ညီညွတ်စွာဖြင့် ဝိုင်းဝန်းလက်တွဲ၍ ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ မိတ်ဆုံနေ့လယ်စာကို လက်ရည်တစ်ပြင်တည်းသုံးဆောင်သည်။

အဆိုပါ မိတ်ဆုံနေ့လယ်စာစားပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံးကို အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

☆ **ကျောဖုံးမှအဆက်**

အောင်မြေသာစံမြို့နယ်၌ ဒေသခံပြည်သူများစုပေါင်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အလိုမရှိ၊ ဗိုပြည်တွင်းရေးစွက်ဖက်မှုများ အလိုမရှိ၊ အချုပ်အခြာအာဏာ ထိပါးသူ ဒို့ရန်သူ စသည့်ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဒေသဝမ်းစာဖူလုံရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမြေများ ထိခိုက်လျော့ပါးမှုမရှိစေရန် မြေယာမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အကျိုးရှိစွာအသုံးချ၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးကိုလည်း စနစ်တကျအားပေးမြှင့်တင်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၉)ကြိမ်မြောက် အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်လုပ်ရရှိသကဲ့သို့ မွေးမြူရေးတိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်သော အပြန်အလှန်ဆက်စပ်အကျိုးပြုနေသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စံပြအဖြစ်အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန် ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း(MSME)များ၏ ကုန်ထုတ်လုပ်မှုကိုမြှင့်တင်ဆောင်ရွက်ပြီး ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေရန် တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျစီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းလုပ်ငန်းများအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့်လုပ်ငန်းကို ဖတ်ကြားတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက အကြောင်းအရာတစ်ခုချင်း အလိုက်ဆွေးနွေးဆောင်ရွက်ကြသည်။

၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းရပ်အသီးသီးအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်



ဧက ၁၉၀၀၀၀ ကျော် ခွင့်ပြုထားရှိခဲ့ကာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစီမံခန့်ခွဲရေးကော်မတီများက ခွင့်ပြုဧရိယာဧက ၂၃၀၀၀၀ ကျော် စုစုပေါင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ခွင့်ပြုဧရိယာဧက ၄၃၀၀၀၀ ကျော် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးခဲ့ပြီးဖြစ်သည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အမှန်တကယ်စီးပွားဖြစ်လုပ်ကိုင်လိုသူများ၊ တစ်နိုင်တစ်ပိုင်လုပ်ကိုင်လိုသူများ၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးလျက်ရှိရာ တစ်ဧကလျှင် အာမခံကြေးကို ငွေကျပ် ၁၀၀၀၀ ပေးသွင်းရပြီး အကောင်အထည်ဖော်လုပ်ကိုင်ခွင့် တည်ငြိမ်ပြီးစီးခဲ့ပါက အဆိုပါပေးသွင်းထားသည့် အာမခံကြေးကို ပြန်လည်ထုတ်ပေးခြင်း၊ မြေလွတ်၊ မြေရိုင်းကို တည်ဆဲဥပဒေများနှင့်အညီ ပိုင်ရေးဆိုင်ခွင့်များ ပေးအပ်ခြင်းဖြစ်၍ မြေတန်ဖိုးကုန်ကျရန်မရှိဘဲ မြေပိုင်ဆိုင်မှုအခွင့်အရေးရရှိနိုင်သဖြင့် နိုင်ငံတော်အစိုးရက အခမဲ့ပေးဝေချထားသည့် မြေအပေါ် သတ်မှတ်မြေခွန်တော်ကို ကြွေးကျန်မရှိစေဘဲ အပြည့်အဝပေးသွင်းရန်နှင့် သတ်မှတ်စည်းကမ်းချက်များကို တိကျစွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်အသုံးပြုခြင်းအတွက် ကောက်ခံသည့် မြေခွန်တော်အနေဖြင့် တစ်ဧကလျှင် နှစ်ရှည်သီးနှံစိုက်ပျိုးရေးအတွက် ငွေကျပ် ၃၀၀၀၊ ဥယျာဉ်ခြံသီးနှံအတွက် ငွေကျပ် ၂၀၀၀၊ ရာသီသီးနှံအတွက် ငွေကျပ် ၁၀၀၀၊ မွေးမြူရေးလုပ်ငန်းတွင် ငါး၊ ပုစွန်၊ ကဏန်းမွေးမြူခြင်းအတွက် ငွေကျပ် ၃၀၀၀၊ အခြားတိရစ္ဆာန်မွေးမြူပါက ငွေကျပ် ၁၀၀၀၊ ဓာတ်သတ္တုအပါအဝင် အခြားလုပ်ငန်းများအတွက် ငွေကျပ် ၅၀၀၀ မျှသာ သတ်မှတ်ကောက်ခံလျက်ရှိရာ အမှန်တကယ်လုပ်ငန်းဆောင်ရွက်သူများအတွက် အလွယ်တကူပေးဆောင်နိုင်သည့် ပမာဏမျှသာဖြစ်၍ မြေခွန်တော်များကို နှစ်စဉ် အချိန်မီပေးဆောင်ကြရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ကြောင်းနှင့် မြေခွန်တော်ပေးဆောင်ရန်ပျက်ကွက်သူများကိုလည်း ဖော်ထုတ်အရေးယူမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇) စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကျင်းပ



သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇) စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၀**

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇) စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် တက်ရောက်အဖွင့်အမှာ စကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာအထောက်အပံ့ပြုနိုင်ရန်အတွက် ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်မည့်စီမံကိန်းများနှင့် လုပ်ငန်းများကို အရည်အသွေးရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)ကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ပြုနိုင်ရန် ဤမဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)ပါ ဦးစားပေးလုပ်ငန်းများ၊ စီမံကိန်းနှင့် လုပ်ငန်းများကို ကဏ္ဍအလိုက် ဦးစီးဌာနများအကြား ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ခြင်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ပိုမိုကောင်းမွန်သော ပေါင်းစပ်ညှိနှိုင်းခြင်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)၏ အနှစ်ချုပ်ကို ရှင်းလင်းတင်ပြခြင်းနှင့် ခင်းကျင်းပြသထားသော Poster များနှင့် Light Box တို့ကို တက်ရောက်လာသူများက ကြည့်ရှုဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# Naypyitaw State Academy ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၃၀**

Naypyitaw State Academy ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက Naypyitaw State Academy၊ ဘက်စုံခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက Naypyitaw State Academyသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ ဖွင့်လှစ်ပြီး ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်က သင်တန်းရေးရာသိသင့်သိထိုက်သည်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားမှူးက ပါမောက္ခ၊ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ သင်တန်း၊ စီမံမှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးသည်။ ဆက်လက်၍ ကျောင်းသား၊ကျောင်းသူများက အဆို၊ အက၊ အလှများဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အဆိုပါ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ၊ ဆရာမများ၊ သင်တန်း၊ စီမံမှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထားဝယ်အကျဉ်းထောင်နှင့် မြို့မရဲစခန်းအချုပ်ခန်းတို့ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ယမန်နေ့က ထားဝယ်အကျဉ်းထောင်ကိုလည်းကောင်း၊ ယနေ့တွင် ထားဝယ်မြို့မရဲစခန်းအချုပ်ခန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။



အကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့ကိုကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေလုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင်ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်နှင့် သုံးရေကန်များ၊ အတွင်း၊ အပြင်မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိနှင့် Quarantine ထားရှိသည့် အဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မြန်မာပြန်စာသားများ ပါရှိသောမှတ်စုစာအုပ် ၁၅၀၊ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၁၀၀ တို့ကို ကော်မရှင်က ထားဝယ်အကျဉ်းထောင်ကို ပေးအပ်လှူဒါန်းရာ တာဝန်ခံအရာရှိက လက်ခံရယူသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၄၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ သံအမတ်ကြီး Mr. Deng Xijun တို့သည် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ အပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဘားလားတူးမြောင်းတံတား၊ ဘားလားချောင်းတံတားဟောင်းတံတား၊ ဖက်လက်တံတားတည်ဆောက်ရေးစီမံကိန်းနှင့် ကွမ်းခြံကုန်းမြို့ရှောင်လမ်း ဖောက်လုပ်နေမှု ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများ နှင့်အတူ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံ -ကျုံကဒွန်း-ဒေါ်ညိမ်း-အမာ လမ်းပေါ်ရှိ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅) က တည်ဆောက်နေသည့် ဘားလား တူးမြောင်းတံတား၊ ဘားလားချောင်းတံတား ဟောင်းတံတားနှင့် ဖက်လက်တံတား တည်ဆောက်ရေး စီမံကိန်းနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တာဝန်ခံအင်ဂျင်နီယာ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနိုင်ဦး က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းမြင့် က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။



ယင်းနောက် ဒုတိယဝန်ကြီးက သတ်မှတ်ဘဏ္ဍာနှစ်အလိုက် လျာထား လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရာတွင် ဆောင်ရွက်ပြီးလုပ်ငန်း၊ ဆောင်ရွက်ဆဲလုပ်ငန်းနှင့် ဆောင်ရွက်ရန် ကျန်လုပ်ငန်းများအလိုက် စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုရန်၊ သတ်မှတ်ဒီဇိုင်းပုံစံအတိုင်း ဆောင်ရွက်ရန် နှင့် စံချိန်စံညွှန်းပြည့်မီရေး အထူးဂရုပြု ဆောင်ရွက်ရန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကွမ်းခြံကုန်းမြို့ရှောင်လမ်း (0 Km မှ 4.02 Km အတွင်း) ၂၄ ပေ အကျယ် ကွန်ကရစ်လမ်းဖောက်လုပ်နေမှု ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ကွမ်းခြံကုန်း မြို့ရှောင် လမ်းကို ၂၀၁၉ ခုနှစ်က စတင်ဖောက်လုပ်၍ ၂၀၂၃ ခုနှစ်တွင် အပြီးဆောင်ရွက်မည် ဖြစ်သည်။ ကွမ်းခြံကုန်းမြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးပါက ဧရာဝတီတိုင်း ဒေသကြီးအတွင်းမှ ထုတ်ကုန်များကို သီလဝါဆိပ်ကမ်းမှတစ်ဆင့် ပြည်ပနိုင်ငံ များသို့ လွယ်ကူလျင်မြန်စွာပို့ဆောင်နိုင်မည် ဖြစ်ပြီး ပြည်ပနိုင်ငံများမှ သွင်းကုန်များကို လည်း ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် များသို့ လွယ်ကူစွာဖြန့်ဖြူးနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## SIM Card များ မှတ်ပုံတင်ခြင်း ဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်း မည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန်စစ်ဆေး သိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPTအတွက် *601#၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Websiteတို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ပြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလ ကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင် ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ ထုတ်လွှင့်ဖော်ပြ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူ ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ ပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေး လုပ်ငန်းများနှင့်သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေး အတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၂၂ ရက်မှစ၍ နေ့စဉ်ထုတ် သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၁-၂၀၂၂ ရက်တွင် သတ်မှတ်ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ်အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်း မရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကို ပယ်ဖျက်၍ နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို အတည်ပြုပြီးဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်ကို နီးစပ်ရာ မြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရရှိခဲ့သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ပွဲပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း ၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၀**

၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲအသီးသီး၌ ဆုရရှိခဲ့သည့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင် အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးက ဆုရရှိခဲ့သည့် အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ဆုရရှိခဲ့သည့် အားကစားသမားများကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း ၁၀ မျိုးတွင် ရွှေတံဆိပ် ၃၂ ဆု၊ ငွေတံဆိပ် ၂၄ ဆုနှင့် ကြေးတံဆိပ် ၃၂ ဆု ဆွတ်ခူးရရှိခဲ့ကြောင်း သတင်းရရှိသည်။

# မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၆၄ ဦးကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က အဆိုပါကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ၄က်ဖျားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး ဒေသခံတိုင်းရင်းသား ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

## ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၃၇ / ၂၀၂၂**
၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**စည်သူဘွဲ့**

၁။ ဦးလှမောင် နိုင်ငံတော်ကောင်စီဝင်

(ပုံ) **မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ပုသိမ်မြို့ နယ်မြေခံဆေးတပ်ရင်းတွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ဒီဇင်ဘာ ၃၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၆၇၁ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၂၉၇ ဦး |

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာ ၂၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၂၇၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဓာတုပစ္စည်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ ဆက်စပ်ဌာနများ၊ ဓာတုဗေဒနှင့်သက်ဆိုင်သည့်အသင်းအဖွဲ့များဖြင့် ထိန်းချုပ်ဓာတုပစ္စည်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဓာတုပစ္စည်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှလုပ်ရှင်များအား ထိန်းချုပ်ဓာတုပစ္စည်းများဆိုင်ရာ အသိပညာပေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးရှိ ရဲသူရိန်ခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းနှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများ၊ ဓာတုဗေဒနှင့်သက်ဆိုင်သည့်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းနှင့် အတွင်းရေးမှူး ရဲမှူးချုပ်စိန်လွင်တို့က အဖွင့်အမှာစကားများ ပြောကြားကြပြီး တာဝန်ရှိသူများကရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ကုမ္ပဏီများမှ လုပ်ငန်းရှင်များ၏သိလိုသည်များအပေါ် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများက ဥပဒေ၊ နည်းဥပဒေအရလုပ်ငန်းလုပ်ကိုင်သော တိုင်းဒေသကြီး၊ ခရိုင်များအတွင်း ဥပဒေအရလျှောက်ထားရန်လိုအပ်သောပစ္စည်းများ၊ လက်ဝယ်ထားခြင်း၊ သုံးစွဲခြင်း၊ ရောင်းဝယ်ခြင်း၊ သိုလှောင်ခြင်းများဆောင်ရွက်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်သို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ ခွင့်ပြုမိန့်များလျှောက်ထားရာတွင် အသုံးပြုအမည်များကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် လျှောက်ထားရန်လိုကြောင်း၊ လျှောက်ထားသည့်လိုင်စင်သက်တမ်းအတွင်း မိမိအသုံးပြုမှုတင်သွင်းမှုများကို စနစ်တကျမှတ်တမ်းထား၍ ပုံမှန်တင်ပြရန်လိုကြောင်း၊ လမ်းလွဲသို့ မရောက်ရှိစေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိအသုံးပြုသည့်နေရာအလိုက် ဓာတုပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းတို့ကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## မော်တော်ယာဉ်တွင် မီးအပိုတပ်ဆင် အသုံးပြုခြင်းမရှိစေရေး အသိပေးနှိုးဆော်

၁။ မော်တော်ယာဉ်များတွင် မီးတပ်ဆင်ခြင်း၊ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၂ ခုနှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများ၊ နည်းဥပဒေ ၄၆ နှင့် နည်းဥပဒေ ၄၇ တို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၂။ အချို့သောမော်တော်ယာဉ်များသည် မူလထုတ်လုပ်စဉ်က တပ်ဆင်ထားသောမီးများနှင့် ဥပဒေအရခွင့်ပြုထားသောမီးများအပြင် မော်တော်ယာဉ်၏ အရှေ့၊ အပေါ်၊ အောက်၊ ဘေး(ဘယ်၊ညာ)နှင့် အနောက်တို့တွင် မီးအပိုတပ်ဆင်အသုံးပြုလျက်ရှိခြင်း၊ မော်တော်ယာဉ်ငယ်များတွင် အလှဆင်မီးများတပ်ဆင်ခြင်းကြောင့် အခြားမော်တော်ယာဉ်မောင်းနှင်သူနှင့် လမ်းအသုံးပြုသူများကို အနှောင့်အယှက်ဖြစ်စေကာ ယာဉ်မတော်တဆမှုနှင့် ယာဉ်အန္တရာယ်များဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မော်တော်ယာဉ်များတွင် ဥပဒေအရသတ်မှတ်ခွင့်ပြုထားသောမီးများမှအပ မီးအပိုတပ်ဆင်ခြင်းမပြုကြပါရန်နှင့် လိုက်နာခြင်းမရှိပါက ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုနယ်မြေ နေပြည်တော်**
**ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

### ❖ တိုက်ရိုက်ထုတ်လွှင့်မည်မှ

Countdown ပြုလုပ်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်သည့်ပုံရိပ်များကို LED ဖြင့် အစားထိုးဖွင့်လှစ်ပြသခြင်းတို့အပြင် Night Market ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချခြင်းဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပကြမည်ဖြစ်သည်။

ထိုကဲ့သို့ နေပြည်တော်ရေပန်းဥယျာဉ်၌ကျင်းပမည့် နှစ်သစ်ကိုကြိုဆိုသည့် ပျော်ပွဲရွှင်ပွဲအစီအစဉ်တွင် Unplugged တီးဝိုင်းများဖြင့် နိုင်ငံကျော်အဆိုတော်များဖြစ်သည့် မြန်မာပြည်သိန်းတန်၊ Dဖြိုး၊ ဂျေမိုင်းမိုင်တို့၏ ဖျော်ဖြေမှုများကို MRTV ၏ Farmer's Channel၌လည်းကောင်း၊ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပမည့် ပျော်ပွဲရွှင်ပွဲအစီအစဉ်တွင် GREAT NINE MUSIC BAND ၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်သည့် အကယ်ဒမီများရှင် ရန်အောင်၊ အကယ်ဒမီများရှင် ရဲအောင်၊ အကယ်ဒမီများရှင် မေသန်းနု၊ စတီရီယိုတေးသံရှင် ဂျက်မြသောင်း၊ ပြည်မိုး၊ စိန်လင်း၊ ရုပ်ရှင်သရုပ်ဆောင် ဘုန်းလျှံ၊ လုမျိုးသဥ္စာနွယ်၊ ပွင့်နဒီမောင်၊ သဥ္စာမြင့်မိုရ်၊ စိုးသီဟ၊ ရုပ်ရှင်သရုပ်ဆောင်၊ တေးသံရှင်ဝေလျှံ၊ ဂျင်နီ၊ ဆုဇီ၊ တူယုဉ်နွဲ့ပျော်ဂီတပွဲတော်မှ စိုးထက်အောင်၊ ထွန်းပပအောင်၊ ပူတူးနှင့် ဖြိုးအသဉ္ဇာ၊ ယွန်းသီရိကျော်၊ မျိုးဆက်သစ်တေးသံရှင်များစွာ ပါဝင်တင်ဆက်သွားမည့် ဖျော်ဖြေမှုများကို MRTV ၏ Sports Channel တွင်လည်းကောင်း၊ မန္တလေး မန္တလာသီရိအားကစားကွင်း၌ နိုင်ငံကျော်အဆိုတော်များပါဝင်တင်ဆက်မည့် ဖျော်ဖြေတင်ဆက်မှုများကို MRTV ၏ Parliament Channel တွင်လည်းကောင်း၊ ဖျော်ဖြေပွဲစတင်ချိန်ညနေ ၆ နာရီမှ အစီအစဉ်ပြီးစီးသည်ထိ တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ MRTV HD Channel တွင် ည ၈ နာရီသတင်းများအပြီးမှစတင်၍ အစီအစဉ်ပြီးစီးချိန်ထိ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင်ကျင်းပသည့် ဂီတဖျော်ဖြေပွဲ Live Show အစီအစဉ်များကိုပေါင်းစပ်၍ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားမဝင်ကျွန်းသစ်၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်၊ စားသောက်ကုန်၊ ဆက်သွယ်ရေးပစ္စည်းများနှင့် မော်တော်ယာဉ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် ရခိုင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မောင်တော-ကြိမ်ချောင်းကားလမ်း အောင်ဇေယျကျေးရွာအနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Mond တံဆိပ် စီးကရက်အတောင့် ၇၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Daihatsu Hijet အမျိုးအစားမော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းတို့တွင် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Shoe Buckles ၃၅၆၂ စုံ၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀၀ နှင့် လက်ကိုင်စကားပြောစက် အလုံး ၃၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀၀ ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ FDA ထောက်ခံချက်နှင့် ကွဲလွဲစွာပါရှိလာသော အလှကုန်ပစ္စည်းထုတ်လုပ်ရာတွင်အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၃၉၀၁၉၅ နှင့်သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၄၀၇၅၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၅၃၀၉၄၅ ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင် အောင်လံမြို့နယ် အရှေ့ရိုးမကြိုးဝိုင်းအတွင်း၌ တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၁၀၉၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၁၉၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း တရားမဝင်ကျွန်းသစ် ၁ ဒသမ ၅၀၂၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၁၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၇ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၆၆၇၀၇၇ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။**(သတင်းစဉ်)**

# အင်္ဂလန်နိုင်ငံတွင် ယခုနှစ် နွေရာသီက တောမီးလောင်ကျွမ်းမှုအကြိမ်ရေ ၂၄၀၀၀ ကျော်ဖြစ်ပွားခဲ့



**လန်ဒန် ဒီဇင်ဘာ ၃၀**

အင်္ဂလန်နိုင်ငံတွင် ယခုနှစ် နွေရာသီအတွင်း တောမီးလောင်ကျွမ်းမှုအကြိမ်ရေ ၂၄၀၀၀ ကျော် ဖြစ်ပွားခဲ့ကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု Mirror သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဂူလိုင်လအတွင်း အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ စံချိန်တင်မြင့်တက်ခဲ့ပြီး အင်္ဂလန်နိုင်ငံသမိုင်းတစ်လျှောက် အမြင့်မားဆုံးသော အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားသောကြောင့် အင်္ဂလန်နိုင်ငံအတွက် မကြုံတွေ့ဖူးသေးသည့် အပူချိန်ပမာဏဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုများကြောင့် ပျက်စီးဆုံးရှုံးမှု မြင့်မားခဲ့ကြောင်း သိရသည်။

ယခုနှစ်နွေရာသီအတွင်းဖြစ်ပေါ်ခဲ့သော တောမီးလောင်ကျွမ်းမှု အကြိမ်ရေ ၂၄၀၀၀ ကျော်မှာ ဂူလိုင်လမှ ဩဂုတ်လအတွင်းဖြစ်ပေါ်ခဲ့သောအကြိမ်ရေဖြစ်ပြီး ယခုနှစ် နွေရာသီတွင် ဖြစ်ပေါ်ခဲ့သော အပူချိန်မြင့်တက်မှု ပမာဏသည် ၁၉၃၅ ခုနှစ်နောက်ပိုင်း အမြင့်မားဆုံးသော အပူချိန်ပမာဏဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှု ၆၂၁၃ ကြိမ် ဖြစ်ပွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှု ၉၃၆၉ ကြိမ်ထိရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ဖြစ်ပွားခဲ့သော တောမီးလောင်ကျွမ်းမှုသည် ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း၌ အကြိမ်ရေအများဆုံးဖြစ်ခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည့်ရလဒ်များကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ယခုနှစ်တွင် အင်္ဂလန်နိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်လာခဲ့ကြောင်း၊ အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီအနေဖြင့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်မြင့်တင်ဆောင်ရွက်သင့်သည်ဟု အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများကလည်း ဆန္ဒထုတ်ဖော် တောင်းဆိုခဲ့ကြကြောင်း သိရသည်။ **နိုင်းဆက်**

# အိန္ဒိယနိုင်ငံ ခရိုင်အားလုံးတွင် ရေကြီးမှုနှင့် မြေပြိုမှုများအတွက် လေ့ကျင့်မှုပြုလုပ်

**နယူးဒေလီ ဒီဇင်ဘာ ၃၀**

အိန္ဒိယနိုင်ငံ ခရိုင်အားလုံးတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် တုံ့ပြန်မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လေ့ကျင့်မှုတစ်ရပ်ကို ဒီဇင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့ကြောင်း အိန္ဒိယအစိုးရက ကြေညာခဲ့သည်ဟု The Hindu သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အဆိုပါလေ့ကျင့်မှုကို အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်တစ်ခုစီအတွင်းရှိ သီးသန့်ရွေးချယ်ထားသော ဒေသငါးခုစီတွင်ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါသဘာဝဘေးအန္တရာယ် အခြေအနေများနှင့် ပုံစံတူအခြေအနေများဖန်တီးပြုလုပ်၍ လေ့ကျင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း လေ့ကျင့်မှုကို အိန္ဒိယနိုင်ငံတောင်ပိုင်း ကမ်းခြေမြို့တစ်မြို့ဖြစ်သော Thiru-vananthapuram အပါအဝင်ခရိုင်အားလုံးတွင်ပြုလုပ်ခဲ့ပြီး လေ့ကျင့်မှုတစ်စိတ်တစ်ပိုင်းအဖြစ် ရာသီဥတုဆိုင်ရာ အနီရောင်သတိပေးချက်ကိုပါထုတ်ပြန်ကြေညာ၍ လေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း၊ လေ့ကျင့်မှုအတွင်း အိန္ဒိယလေတပ်က ကူညီ၍ ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင် လေ့ကျင့်လုပ်ဆောင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အိန္ဒိယတပ်မတော်ကလည်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



လေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ ခရိုင်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစနစ်များ မည်သို့လုပ်ဆောင်သည်ကို အကဲဖြတ်ရန်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ကြေညာခဲ့သည်။

အဆိုပါ လေ့ကျင့်ခန်းစီမံခန့်ခွဲမှုလုပ်ငန်းများကို ခရိုင်အဆင့် ဖွဲ့စည်းထားသည့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့၏ အရေးပေါ်စစ်ဆင်ရေးဌာနများမှ တစ်ဆင့် အဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးစီက ခရိုင်အဆင့်ထိန်းချုပ်ရေးအခန်းများမှတစ်ဆင့် လေ့ကျင့်မှုများကိုအကဲဖြတ်ခဲ့ကြောင်း သိရသည်။ AZH

# ထိုင်းနိုင်ငံ၌ လာမည့်နှစ်အစောပိုင်းတွင် လေထုညစ်ညမ်းမှု PM 2.5 ပမာဏမြင့်တက်လာနိုင်

**ဗန်ကောက် ဒီဇင်ဘာ ၃၀**

ထိုင်းနိုင်ငံ၌ လေထုညစ်ညမ်းမှု အခြေအနေ ပိုမိုဆိုးရွားလာပြီး အပူချိန်နိမ့်ကျမှုကြောင့် လာမည့်နှစ်အစောပိုင်းတွင် နိုင်ငံ၏ အချို့နေရာများ၌ လေထုညစ်ညမ်းမှု PM 2.5 ပမာဏမြင့်တက်လာနိုင်ကြောင်း ထိုင်းနိုင်ငံ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဌာန (PCD) က ဒီဇင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု Vietnam Plus သတင်းဌာနက ဒီဇင်ဘာ ၂၉ ရက်တွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ အချို့သောဒေသများတွင် အပူချိန်များကျဆင်းနေပြီး တရုတ်နိုင်ငံဘက်မှ လေဖိအားနည်း ရပ်ဝန်းကြောင့် အချို့နေရာများတွင် လေထုညစ်ညမ်းမှုပိုမိုဆိုးရွားလာကြောင်း ထိုင်းနိုင်ငံ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဌာနက ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် လာမည့်လများအတွင်း လေထုညစ်ညမ်းမှု PM 2.5 ပမာဏသည် ဘေးကင်းလုံခြုံမှုအဆင့်ကို ကျော်လွန်သွားနိုင်ပြီး ကိုဗစ်-၁၉ ရောဂါကာလနောက်ပိုင်း စီးပွားရေးပြန်လည်ကောင်းမွန်လာမှုက မီးခိုးမြူပိုမိုအားကောင်းလာစေရန်မြှင့်တင်ပေးနေကြောင်း လေထုညစ်ညမ်းမှုလျှော့ချရေး ဗဟိုဌာန (CAPM)ကို စီမံခန့်ခွဲသည့် PCD ညွှန်ကြားရေးမှူးချုပ် Pinsak Su-raswadi က ပြောကြားခဲ့သည်။

အိမ်တွင် အလုပ်လုပ်နေရာမှ ရုံးများနှင့်စက်ရုံများသို့ လူများပြန်လည်ရောက်ရှိလုပ်ကိုင်လာကြသည်နှင့်အမျှ ယာဉ်အသွားအလာတိုးလာခြင်းသည် လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်စေကြောင်း၊ တစ်ချိန်တည်းတွင် လယ်သမားများအနေဖြင့် သစ်တောမြေများတွင်ခုတ်ထွင်ရှင်းလင်းမီးရှို့သည့် အလေ့အထများအပါအဝင် ၎င်းတို့၏လယ်ယာမြေများကို ချဲ့ထွင်ခြင်းကလည်း လေထုညစ်ညမ်းမှုကို တိုးမြင့်လာစေကြောင်း၊ အဆိုပါအခြေအနေများကိုဖြေရှင်းရန် PCD သည် လာမည့်နှစ်တွင် ဖုန်မှုန့်ညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရာ၌ အားကောင်းစေမည့် အစီအမံများကို အဓိက အကောင်အထည်ဖော်ရန် စီစဉ်ထားကြောင်း သိရသည်။ AZH

# အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် အပူချိန်စံချိန်တင်မြင့်တက်ကာ ခြောက်သွေ့သော ရာသီဥတုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**ဂျကာတာ ဒီဇင်ဘာ ၃၀**

အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင်လည်း အပူချိန်စံချိန်တင်မြင့်တက်ကာ ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း မိုးလေဝသဗေဒ၊ ရာသီဥတုဗေဒနှင့် ဘူမိရူပအေဂျင်စီ (BMKG)က ထုတ်ပြန်ခဲ့သည်ဟု Stuff သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပူပြင်းခြောက်သွေ့သော ရာသီဥတုအပြင် မြေငလျင်အန္တရာယ်နှင့် ဆူနာမီလှိုင်းအန္တရာယ်တို့ဖြင့်လည်း ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ပူပြင်းခြောက်သွေ့သော ရာသီဥတုသည် ၂၀၂၃ ခုနှစ် အစပိုင်းကတည်းက စတင်နိုင်ပြီး ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြင့်လည်း ရင်ဆိုင်ရဖွယ်ရှိနေကြောင်း BMKG က ကြိုတင်ခန့်မှန်းခဲ့သည်။

"အင်ဒိုနီးရှားနိုင်ငံမှာ အခုနှစ်မေလကတည်းက အပူချိန်မြင့်တက်မှုစတင်ခဲ့တာဖြစ်ပြီးတော့ ခြောက်သွေ့တဲ့ ရာသီဥတုနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီအပူချိန်မြင့်တက်မှုဟာ ၂၀၂၃ ခုနှစ် ဧပြီလထိ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သုံးနှစ်တာကာလနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ဒီတစ်ကြိမ် အပူချိန်မြင့်တက်မှုက အဆိုးရွားဆုံးပါပဲ။ ၂၀၂၃ ခုနှစ်မှာလဲ ပူပြင်းခြောက်သွေ့တဲ့ရာသီဥတုက စောင့်ကြိုနေတယ်။ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ မြေငလျင်လှုပ်ခတ်မှုတွေ၊ ဆူနာမီလှိုင်းတွေလဲ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု မိုးလေဝသဗေဒ၊ ရာသီဥတုဗေဒနှင့် ဘူမိရူပအေဂျင်စီ(BMKG)၏ ဒါရိုက်တာဖြစ်သူ ကာနာဝါတီက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရင်ဆိုင်ရဖွယ်ရှိနေသော ပူပြင်းခြောက်သွေ့မှုသည် ၂၀၁၉ ခုနှစ်ဖြင့် အလားသဏ္ဌာန်တူနိုင်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ပူပြင်းခြောက်သွေ့သော ရာသီဥတုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး သစ်တောမြေဧက ၁ ဒသမ ၆၅ သန်းထိ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ပူပြင်းခြောက်သွေ့သောရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်တန်ကြေးပမာဏမှာ အမေရိကန် ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံထိရှိခဲ့ကြောင်း ကာနာဝါတီက ပြောကြားခဲ့သည်။ **နိုင်းဆက်**

# တူရကီနိုင်ငံတွင် အားကောင်းသော မြေငလျင်လှုပ်ခတ်မှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိ

**တိုကျို ဒီဇင်ဘာ ၃၀**

တူရကီနိုင်ငံတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ သို့မဟုတ် ဇန်နဝါရီလနောက်ပိုင်းကာလ၌ အားကောင်းသော မြေငလျင်လှုပ်ခတ်မှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည်ဟု ဂျပန်မြေငလျင်ဆိုင်ရာ သုတေသီတစ်ဦးဖြစ်သူ ယိုရှိနိုရိက အင်္ဂါရာဟိုင်ဆာစီရင်စုရှိ အနာတိုလီယန်စင်တာတွင် ဒီဇင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့သော ဆွေးနွေးပွဲ၌ ပြောကြားခဲ့ကြောင်း Hurriyet သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မြေငလျင် လှုပ်ခတ်လာနိုင်သည့်အတွက် တူရကီပြည်သူလူထုအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန် ယိုရှိနိုရိက သတိပေးခဲ့ကြောင်း၊ ယိုရှိနိုရိ၏ သုတေသနရလဒ်အရ အနာတိုလီယန်အရှေ့ဘက်ပိုင်းနှင့် အဲဂီယန်ရှိ ပြတ်ရွေ့ကြော ပြတ်တောက်တော့မည်ဖြစ်သည့်အတွက် အားကောင်းသော မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

"ဂျပန်နိုင်ငံဟာ မြေငလျင်နဲ့ ပတ်သက်ပြီး အခြားနိုင်ငံတွေထက် အတွေ့အကြုံပိုရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာရှိတဲ့ အဆောက်အအုံအများစုဟာ လိုင်စင်နဲ့ တည်ဆောက်ထားတဲ့ အဆောက်အအုံတွေဖြစ်ပါတယ်။ ဂျပန်ပြည်သူတွေ အနေနဲ့ကလဲ မြေငလျင်ကို အကြိမ်ပေါင်းများစွာ ရင်ဆိုင်ဖူးပါတယ်။ တူရကီနိုင်ငံရဲ့အခြေအနေကျတော့ ဂျပန်နိုင်ငံနဲ့ မတူပါဘူး။ တူရကီနိုင်ငံရဲ့ ၆၀ ရာခိုင်နှုန်းသော အဆောက်အအုံတွေဟာ လိုင်စင်မဲ့ တည်ဆောက်ထားတာဖြစ်ပါတယ်။ တူရကီနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းရဲ့ ကြိုတင်မြော်တွေးနိုင်မှုကြောင့် ပြည်သူတွေမြေငလျင်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုတွေ ပြုလုပ်ထားလို့ အဆင်ပြေပါတယ်။ မကြာမီကာလအတွင်း ရင်ဆိုင်ရဖွယ်ရှိနေတော့ မြေငလျင်နဲ့ပတ်သက်ပြီး တူရကီအာဏာပိုင် အဖွဲ့အစည်းအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားဖို့လိုအပ်ပါတယ်။ အထူးသဖြင့် မာမရာနယ်မြေဟာ မြေငလျင်အန္တရာယ် အဓိကရင်ဆိုင်ရဖွယ်ရှိနေတဲ့ နယ်မြေဖြစ်ပါတယ်"ဟု ယိုရှိနိုရိက ပြောကြားခဲ့ကြောင်း သိရသည်။

တူရကီအာဏာပိုင်အဖွဲ့အစည်းအနေဖြင့်လည်း ပြည်သူများကို မြေငလျင်လှုပ်ခတ်လာလျှင် လိုက်နာဆောင်ရွက်ရမည့် လေ့ကျင့်ခန်းအစီအစဉ်များကို ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း ယိုရှိနိုရိက ပြောကြားခဲ့သည်။ **နိုင်းဆက်**

0w Kw M @

# အဆိပ်

စံဗြှာနီတွန်း




(၁)

"အ အ"

"အ အ"

ဟောတော် အိမ်ရှေ့က ကျီးအော်သံတွေဆူညံလို့ပါလား။ ဘယ်ကဧည့်သည်များလာမှာပါလိမ့်"

အိမ်ရှေ့က ကျီးအော်သံတွေကြောင့် မယ်အိ တစ်ယောက်တည်း ဧည့်မျှော်သလို ရေရွတ်နေမိပေါ့။ မကြာပါဘူး ညနေဘက်ရောက်တော့-

"မယ်အိ မယ်အိရေ"

"ဟယ် မောင်ကြီးပါလား။ ဘယ်ကဘယ်လိုပေါ်လာတာလဲ လာလာ"

"ဟုတ်တယ်မယ်အိရေ။ မမကြီးလေ မမကြီးအခြေအနေမကောင်းတော့လို့ မြို့တက်ပစ္စည်းဝယ်ရင်း မယ်အိကိုဝင်ခေါ်တာ"

"ဟင်"

"မောင်ကြီးတို့အိမ်ကို မမကြီးရောက်နေတယ်။ မမကြီးကို မောင်ငယ်ကလာပို့တာ။ မမကြီးသမီးလေးကတော့ ကိုဗစ်ရောဂါဖြစ်တုန်းက ဆုံးသွားရှာပြီတဲ့"

"ဘယ်လိုတွေဖြစ်တာလဲ သူတို့ရွာမှာမဟုတ်ဘူးလား"

"တစ်ခုချင်းရှင်းပြမှ မယ်အိသဘောပေါက်မှာဒီလိုဟ"

မောင်ကြီးရှင်းပြနေတာကို တအံ့တသြနားထောင်နေမိတဲ့မယ်အိ။

(၂)

လွန်ခဲ့တဲ့သုံးနှစ်လောက်ကပေါ့။ ည ၇ နာရီခန့်မို့ တစ်ရွာလုံးတိတ်တိတ်ဆိတ်ဆိတ်။

"အလတ်မ နင်က အဖေသေမှ မျက်နှာလေးလာပြပြီး အမွေတောင်းတယ်ပေါ့။ အဖေရှိတုန်းကတော့ လာပြီးပေးမယ်၊ ကျွေးမယ် မစဉ်းစားဘူး"

"မဟုတ်ပါဘူး မမကြီးရယ်။ အဲဒီလိုမပြောပါနဲ့ ညီမလေးတို့က မပြေလည်တော့"

"တော်ပါအေ ငါအကုန်သိပြီးသားပါ။ ရော့ ဒီမှာကြည့်"

မမကြီးထိုးပြလာတဲ့ အိမ်အရောင်းအဝယ်စာချုပ်။ အဖေမသေခင် မမကြီးကိုရောင်းသွားတာပါလား။ စာချုပ်မှာသက်သေအဖြစ် လက်မှတ်ထိုးထားတဲ့သူတွေထဲ မောင်ငယ်ပါ ပါနေတာပါလား။ မောင်ငယ့်ကို ကြည့်လိုက်တော့ ခေါင်းငိုက်စိုက်ချ၊ မျက်နှာကြီးအောက်ငုံ့နေတာ။ ဒီနေ့ အဖေရက်လည်ပြီး နှစ်ရက်မြောက်နေ့ပါ။ မောင်နှမတွေ စုံစုံညီညီ။ မယ်အိတို့အားလုံးပေါင်း မောင်နှမငါးယောက်။ မမကြီးက အကြီးဆုံး။ မမကြီးအောက်က မယ်အိ။ မယ်အိအောက် မောင်ကြီး။ မောင်ကြီးအောက် ဖြူလေး။ ဖြူလေးအောက်မှာ မောင်ငယ်။ မမကြီးက အဖေနဲ့အတူနေ။ အဖေနဲ့အတူ လယ်တွေယာတွေ အတူတူလုပ်နေတာက မမကြီးယောကျ်ား တစ်ရွာတည်းနေ ကိုရင်မောင်။ မယ်အိကတော့ ဘွဲ့ကျောင်းနောက်ဆံထုံးပါ ကိုတင်အောင်တို့မြောင်းတဲ့မြို့ကို လိုက်ခဲ့သူ။ မောင်ကြီးအောက်က ဖြူလေးကတော့ ကျောင်းဆရာမ။ နောက်နှစ်ကျ သူတာဝန်ကျတဲ့ရွာက ရွာသားတစ်ယောက်နဲ့ လက်ထပ်ကြတော့မှာလေ။ မယ်အိတို့စကားဝိုင်းထဲ ဖြူလေးက ဘာမှဝင်မပြောရှာ။ အရင်ကတည်းက စာပဲကြိုးစားပြီး အနေအေးလှတဲ့ ညီမလေးဖြူလေး။ မမကြီးတစ်ခွန်းဆိုတစ်ခွန်း ဘယ်တုန်းကမှပြန်မပြောရဲခဲ့သူ။ မောင်ကြီးကတော့ လူပုစိတ်တိုသမား။ မဟုတ်မခံ။ သူကတော့ ဆံထုံးနောက်သျှောင်ပါ။ သူမိန်းမရှိတဲ့အခြားရွာမှာနေသူ။ ထန်းပင်တွေအငှားချထားပြီး ရွှေကျင်ရွှေရောင်းအလုပ်ကနေ ရွှေတွေကောက်၊ ရွှေအရောင်းအဝယ်လုပ်ရင်း ပြေပြေလည်လည်။

"မဟုတ်ဘူးနော် မမကြီး။ တစ်ခုခုမှားနေပြီ။ ဒီလိုလက်ဝါးကြီးအုပ်ပြီး မောင်နှမတွေအမွေကို တစ်ယောက်တည်း မောင်ပိုင်စီးလုပ်တာ သဘာဝမကျဘူး။ လိုက်ကိုစုံစမ်းအုံးမှာ မဟုတ်လို့ကတော့"

"အမယ် နင့်အပြောက ငါကပဲမဟုတ်တာလုပ်ထားသလို ကြိုက်တဲ့နေရာစုံစမ်း။ စာချုပ်က အမှန်အကန် အကြံအဖန်မဟုတ်ဘူး"

"အိမ်ကထားပါအုံး လယ်တွေ၊ နွားတွေကော"

"ဩော်. . . ကျုပ်ကို ပုလိပ်စစ်စစ်တယ်ပေါ့။ အဖေမမာတာ ဘယ်လောက်ကြာပြီလဲ၊ ဆရာဝန်ခေါ်ကုနေရတာ နှစ်ပေါက်နေပြီ။ ဒီကြားထဲ ဆေးရုံတက်ရတဲ့ ဆေးရုံစရိတ်၊ အသွားအပြန်ကားခ၊ ဆေးဖိုး ဘယ်သားသမီးကလာပေးကြလို့လဲ ပြောပါအုံး"

"ကျုပ် အဖေ့အတွက် ပေးနေတာပဲလေ။ မမကြီး ဒီလိုမပြောပါနဲ့"

"ဩော်. . . ဟိုမောင်နှမအားလုံးပေးကြလို့လား"

"ဝါးလုံးရှည်နဲ့ ပတ်မယမ်းနဲ့ မမကြီး။ မမကြီးလောဘကြီးတာ လူတိုင်းသိတယ်"

"ဘာ ဘာ"

"တော်ကြပါတော့ မမကြီးတို့၊ မောင်ကြီးတို့ရယ်။ ပတ်ဝန်းကျင်ကို ရှက်ကြပါအုံး။ အဖေသေတာမှ မကြာသေးဘူး"

မမကြီးပြောလိုက်သလို အဖေမမာတော့ အသီးသီးလာကြည့်ကြပေမဲ့ မောင်ကြီးတစ်ယောက်ကလွဲပြီး ကျန်မောင်နှမတွေ(မယ်အိအပါအဝင်) အဖေ့အတွက် ပေးနိုင်ကြတာက အာဟာရဖြစ်စေမဲ့ စားစရာတွေနဲ့ မဖြစ်စလောက်ငွေအနည်းအကျဉ်းမျှသာ။

(၃)

အဖေတို့၊ အမေတို့ရှိတုန်းက စုဆောင်းထားခဲ့တဲ့ ရွှေတွေနဲ့ အဘိုးအဘွားတွေရဲ့ လက်ဖွဲ့နဲ့ နှစ်ဖက်မိဘတွေဆီကရတဲ့ အမွေတွေ၊ ရွှေတွေ ဘယ်များရောက်သွားပါပြီလဲ။ အရင်ကဆို ရွာမှာ မယ်အိတို့ မိဘဘိုးဘွားတွေက ကြေးရတတ်။ ရွှေရှိ၊ မျိုးရှိ၊ ကြေးရှိ ရွာမျက်နှာဖုံးတွေ။ ဖြူလေးကသိပ်သိမှာမဟုတ်ပေမဲ့ (ဖြူလေးအရွယ်မရောက်တရောက်မှာ အမေဆုံးပါး) မယ်အိသိထားပါတယ်။ မမကြီးနဲ့ မယ်အိက အသက်သိပ်မကွာ။ ရွာမှာ အလှူတွေများရှိရင် အမေက အရွယ်ရောက်လာတဲ့ မမကြီးနဲ့ မယ်အိကို ခေါင်းဘယက်နဲ့ ကြံဆစ်လက်ကောက်တွေ၊ ရွှေခြေချင်းတွေ ထုတ်ဆင်ပေးတာ မှတ်မိပါသေးတယ်။ မမကြီး အိမ်ထောင်မကျသေးခင် မယ်အိ ကိုတင်အောင်နဲ့ ခိုးရာလိုက်ပြေးကတည်းက အဖေက မယ်အိကို စိတ်နာလွန်းလို့ စကားမပြောခဲ့။ မယ်အိလာရင် ဓားနဲ့ခုတ်သတ်ပစ်မယ်ဆိုပြီး ဓားကြိမ်းကြိမ်းခဲ့တာပေါ့။ အဖေ့ကိုကြောက်ရတဲ့ အမေကလဲ မယ်အိကို လူကြုံနဲ့ သာကြောင်းမာကြောင်းပြောတာလောက်ကနေ မတက်ခဲ့။ အမေဆုံးတုန်းက အဖေ့ကိုကြောက်ရတာနဲ့ မယ်အိ အိမ်ရိပ်မနင်းမိ။ စိတ်ထဲကနေ လှမ်းကန်တော့ပြီး မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရတာပေါ့။ အဖေ့မျက်ရည်၊ အမေ့မျက်ရည်တွေစုံလို့လားမသိ။ မယ်အိတို့ ဘယ်လောက်ရှာရှာ စီးပွားမတက်။ မယ်အိတို့ မိသားစုလေးယောက် စားလောက်ရုံသာ။ ပြေပြေလည်လည်မဖြစ်။ မယ်အိအတွေးပါ။ အဖေမသေခင် အမေ့လိုမတွေ့လိုက်ရမှာစိုးလို့အရဲစွန့်ပြီး အဖေ့ကိုလာတွေ့ကန်တော့တဲ့အချိန်မှာတော့ အဖေက အိပ်ရာထက်မှာပက်လက်ကလေး။

"မယ်အိ ညည်းမမိုက်တော့နဲ့ ရတနာသုံးပါးမမေ့နဲ့။ မိဘတွေကိုညတိုင်းရှိခိုးကန်တော့အိပ်"တဲ့။

အဲဒီစကားဟာ မယ်အိကိုပြောတဲ့ အဖေ့ရဲ့ နောက်ဆုံးစကားလေးပါ။

(၄)

မမကြီးနဲ့မောင်ကြီး စကားတွေများပြီး မောင်ကြီးက "မဟုတ်လို့ကတော့"ဆိုပြီး ဓားတကြိမ်းကြိမ်းနဲ့ သူ့ရွာကိုပြန်သွားပါပြီ။ မယ်အိလဲ အပြစ်ရှိခဲ့သူမို့ မမကြီးကို နောက်ထပ် စောဒကမတက်ဝံ့ခဲ့။ လက်ဗလာနဲ့သာ ကိုယ်နေတဲ့မြို့ကို အသာလေးပြန်ခဲ့ရတာပေါ့။ ဖြူလေးကိုတော့ မမကြီးက လက်ဖွဲ့ကြေးအနေနဲ့ တစ်ကျပ်သားရွှေဆွဲကြိုး ဆင်ပေးလိုက်ပါတယ်။ အဓိက မောင်ငယ်။ မောင်ငယ် မယ်အိကို ရှောင်နေသလိုပါပဲ။ အိမ်ကိစ္စမေးမလို့ဟာ။ မေးခွင့်မသာ။ မယ်အိကိုတွေ့တာနဲ့ ရှောင်ရှောင်ထွက်သွားတာ။ ရွာကပြန်လာတဲ့ထိ သေချာမမေးခဲ့ရ။ မမကြီးနဲ့ မောင်ငယ်က တစ်ရွာတည်းနေ တစ်ရေတည်းသောက် အိမ်ချင်းက ကပ်လျက်။ မောင်ကြီးနဲ့ မောင်ငယ်က သိပ်အစေးကပ်တာမဟုတ်။ ရည်းစားလုဖက်ဖြစ်ခဲ့ရာကနေ အပြိုင်ပိုးတဲ့ နှင်းဥလေးကို မောင်ငယ်ရသွားလို့ မောင်ကြီးက ရှက်ပြီး အိမ်ကနေထွက်သွားရာမှာ တစ်ရွာသူနဲ့ရခဲ့တာလေ။ မယ်အိတို့ မောင်နှမငါးယောက်မှာ မယ်အိနဲ့မောင်ကြီးက အရင်းနှီးဆုံး။ မမကြီးနဲ့မောင်ငယ်က တစ်ကျိတ်တည်း တစ်ဉာဏ်တည်း။ ဖြူလေးကတော့ တစ်ယောက်တည်း တစ်ဘာသာ။ မယ်အိပြန်ရောက်တော့ ကိုတင်အောင်က-

"ဘယ်လိုလဲမယ်အိ အဖေ့အသုဘသွားရင်း လိပ်ဥတူးတာ လိပ်မကြီးက သူ့ဥတွေ ဝှက်ထားလိုက်ပြီမဟုတ်လား"

"အဲဒီလိုမပြောပါနဲ့ ကိုတင်အောင်ရယ်။ မယ်အိလိပ်ဥလဲမတူးရပါဘူး။ တူးလဲမတူးပါဘူး။ အစကတည်းက ကိုတင်အောင်နောက်လိုက်ခဲ့တာ ဒါတွေမမက်လို့။ မက်ခဲ့ရင် မမကြီးလို အလိမ္မာသမီးလုပ်ပြီး အဖေတို့၊ အမေတို့သဘောတူတဲ့သူနဲ့ယူခဲ့မှာပေါ့"

"ငါကရွဲ့ပြောတာပါ မယ်အိရယ်။ ကိုယ့်မိန်းမအကြောင်းကိုယ်သိပြီးသား။ မယ်အိအစ်မ ဟိုလိပ်မကြီးကို ရွဲ့ပြောတာဟ ရွဲ့ပြောတာ"

တကယ်တော့ မမကြီးကို ကိုတင်အောင်ပြောလဲပြောစရာ။ ကိုတင်အောင်တို့မိဘတွေ ကန်တော့ပွဲတွေနဲ့ သွားတောင်းပန်တုန်းက မယ်အိမိဘတွေ ဘာမှမပြောခင် မမကြီးကပဲ နင်ပဲငဆပြောပြီးနှင်ထုတ်တာ။ မယ်အိကို ပိုအပြစ်ကြီးအောင်လုပ်လိုက်တာ။ မယ်အိနဲ့ မိဘတွေကြား စေ့စပ်ပေးဖို့၊ ဖျန်ဖြေပေးဖို့ မစဉ်းစား။ အဖေတို့၊ အမေတို့ကြား မယ်အိကို ပိုမုန်းသည်ထက်မုန်းအောင်-

"အဲဒီကောင်က အလကားကောင်။ အရက်ကလေး တမြမြနဲ့ မိန်းမထဘီနားခိုစားချင်လို့ အမေ့သမီးကို ရအောင်ယူတာ။ လင်စံရွေး လင်ခွေးနင့်ညားတာ အမေ့သမီးက။ ခေါင်းမသုံးဘဲယူတဲ့ မိန်းမ"တဲ့။

မမကြီးစကားတွေ မယ်အိ ပြန်ကြားယောင်မိပါသေးတယ်။ အဲဒီတုန်းကတော့ မျက်ရည်စက်လက်ဖြစ်ပြီး စိတ်မကောင်းမိ။ ကိုယ့်အမှားနဲ့ကိုယ်မို့ အမုန်းမပွားမိတာ။ ကိုတင်အောင်လူပျိုဘဝက တစ်ခါတလေ သောက်မိစားမိတာကို ပုံကြီးချဲ့ထိုးချခဲ့တဲ့စကားတွေပေါ့။ အိမ်ထောင်ကျပြီး ဘယ်အရက်မှမသောက်။ အလုပ်ခါးချိုးလုပ်ပြီး မိန်းမနဲ့မိသားစုကို ရှာကျွေးနေတာ။ မယ်အိတို့ကံမပေးလို့ မချမ်းသာနိုင်သေးလို့သာပေ။

စာမျက်နှာ ၂၅သို့ ➤

# မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းက ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၃ ရက်ထိ ပြည်ပသို့ ချင်းခြောက် ၁၇ တန် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းက ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၃ ရက်ထိ ပြည်ပသို့ ချင်းခြောက် ၁၇ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသမှ စိုက်ပျိုးထွက်ရှိသည့် ချင်းများကို မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်းက တစ်ဆင့် ပြည်ပသို့ တင်ပို့ရောင်းချပေးခဲ့ရာ၌ ယခုနှစ် ဩဂုတ်လတွင် ချင်းခြောက် ၁၉၄ တန်၊ စက်တင်ဘာလတွင် ချင်းခြောက် ၃၂ တန်နှင့် ဒီဇင်ဘာ ၁ ရက်မှ ၂၃ ရက်ထိ ချင်းခြောက် ၁၇ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ချင်းစိုနှင့် ချင်းခြောက်နှစ်မျိုးရှိရာမှ ချင်းစိုကို အအေးဘူးများဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှ ပြည်ပသို့ တင်ပို့ရောင်းချပေးလျက်ရှိပြီး ဈေးကွက် ရရှိနေပြီဖြစ်ကြောင်း၊ ယခုအခါ ချင်းကို နိုင်ငံတကာဈေးကွက် တွင်ကျယ်စွာသွက်လက်လှုပ်ရှားနေသည့် ဈေးကွက်တစ်ခုဖြစ်နေသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ချင်းစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရန်နှင့် ဈေးကွက်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ချင်းကို ဒေသမရွေး စိုက်ပျိုးနိုင်သော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ကလော၊ ဟိုပုန်း၊ ပင်းတယနှင့် တောင်ကြီးမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း အနည်းငယ် စိုက်ပျိုးထွက်ရှိကြကြောင်း၊ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသမှထွက်ရှိသော ချင်းများ၏အရည်အသွေး အနှစ်သာရမှာ အနည်းငယ်ကွာခြားမှုရှိပြီး တောင်ပေါ်ဒေသထွက်ချင်းသည် ကျစ်လျစ်၍ အသားမာကာ အနံ့ပိုမိုပြင်းထန်ကြောင်း၊ မြေပြန့်ဒေသထွက် ချင်းသည် ကြီးမား၍ အသားပွပြီး အနံ့ပြင်းထန်မှုမရှိကြောင်း သိရသည်။

ယခုအခါ နိုင်ငံတကာတွင် ချင်းကို ပြုတ်ရည်နှင့် အစားအစာများ၏ အနံ့နှင့်အရသာအတွက် တွင်ကျယ်စွာ အသုံးပြုနေကြပြီး အချို့သောနိုင်ငံများတွင် ချင်းမှ ဆေးဝါးအမျိုးမျိုးထုတ်လုပ်ကြကာ ဖြည့်စွက်စာအဖြစ်လည်း ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်လာကြကြောင်း သိရသည်။

SKL

# တန့်ယန်းမြို့နယ် ပုံဟောင်းခုန်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တန့်ယန်းမြို့နယ် ပုံဟောင်းခုန်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပုံဟောင်းခုန်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တန့်ယန်းမြို့နယ် ပုံဟောင်းခုန်ကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၆၁ သိန်း စုစုပေါင်းငွေကျပ် ၁၆၁ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် နိုဝင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က ပြောပြ၍ သိရသည်။

**နံ့လာ**



## ဘဝတက်လမ်း

- ကြိုးစားသူ ဘဝလမ်း
  အလှပန်း တဝေဝေ၊
  မကြိုးစားသူ ကျရှုံးလို့
  ဘဝသုဉ်းချေ၊
  ခွဲခြားလို့ကြည့်ကာပေ
  သိပါစေ ဘဝရေး၊
  ကိုယ်လိုရာ ဘဝမျိုး
  ပျိုးထောင်စို့လေး။

- အမှားမှန် ခွဲခြားတွေး
  မလွဲမှားရေး ဆင်ခြင်၊
  အတွေ့ကြုံ ဗဟုသုတ
  တုပကာပင်၊
  တတ်ကောင်းတတ်ရာတွင်
  မှတ်ကာလျှင် အသုံးချ၊
  ကိုယ့်ဘဝ ကိုယ့်ရှေ့ရေး
  မြော်တွေးကာပ။

- ရည်ရွယ်ရာ ပန်းတိုင်က
  လှမ်းနိုင်မှ အောင်မြင်ရာ၊
  ဒုစရိုက် လောင်းကစား
  ရှောင်ရှားဖယ်ခွာ၊
  ရိုးသား၍ကြိုးစားကာ
  တန်ဖိုးထားပါ ပိုင်ဆိုင်ခြင်း၊
  အကောင်းမြင် သိတရား
  ထားရှိရင်တွင်း။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# သံတွဲမြို့နယ် ခရမ်းမော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတွဲ ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ခရမ်းမော်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ပန်းအိစံက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) မတည်ရန်ပုံငွေများဖြင့် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ပန်းအိစံနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့် ခရမ်းမော်ကျေးရွာမှ နေကြာစိုက်တောင်သူသုံးဦးကို ငွေကျပ် ၁ ဒသမ ၁ သန်း၊ မြေပဲစိုက်တောင်သူလေးဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း၊ နေကြာနှင့် ပဲစိုက်တောင်သူကိုးဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း၊ နေကြာသီးညှပ်စိုက်တောင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၈ သန်း စုစုပေါင်း တောင်သူ ၁၈ ဦးကို ငွေကျပ် ၉ ဒသမ ၈ သန်းထုတ်ချေးပေးခဲ့သည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ချေးငွေများကို ပြည်တွင်းစားသုံးဆီများ ဖူလုံစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(၄၀၈)

➤ စာမျက်နှာ ၂၄မှအဆက်

(၇)

ရွာနဲ့အဆက်ပြတ်သလိုဖြစ်သွားတဲ့ မယ်အိ။ မောင်ကြီးလာမှ အဖြစ်သနစ်စုံလက်ကုန်သိခဲ့ရပါပြီ။ ဘယ်ကဘယ်လိုစလောင်လိုက်တဲ့ မီးမှန်းမသိ မမကြီးအိမ်နဲ့ မောင်ငယ့်အိမ်ကိုသာ ကွက်လောင်လိုက်တာ ပြောင်တလင်းခါ။ မမကြီးယောက်ျားကတော့ မီးငြိမ်းသတ်ရင်း ထုပ်တန်းပြိုကျလို့ပိနေတာနဲ့ မီးငြိမ်းမှ ရွာသားတွေအကူအညီယူ အပြင်ကိုဆွဲထုတ်၊ အပြင်ရောက်ပြီး တစ်ပတ်အကြာမှာ ကွယ်လွန်ခဲ့ပါတယ်။ မမကြီးသူ့သမီးဆုံးသွားပြီးကတည်းက စိတ်နဲ့ကိုယ်မကပ်ဖြစ်နေတာနဲ့ မောင်ငယ်က မောင်ကြီးအိမ်လာပို့ထားရှာတာ။ မမကြီးအခြေအနေမကောင်းတာ ဘာရောဂါလဲဆိုတော့ လူတစ်ရာမှာ တစ်ယောက်ဖြစ်ခဲတဲ့အရိုးကင်ဆာရောဂါ။ မောင်ကြီးလက်ထဲမှာတော့ မီးလောင်ပြင်ထဲကရတဲ့ အရည်ကျိုပြီးသား ရွှေအထုပ်လိုက်။ မမကြီးအပ်ထားတာလေ။ ရှားပါးရောဂါကြောင့် တစ်ချိန်လုံးညည်းနေရရှာတဲ့မမကြီးက အခုအချိန်မှာတော့ မီးစာကုန်ဆီခန်း။ အဖေမသေခင် လက်မှတ်ထိုးပေးရမယ်ဆိုပြီး အိမ်ခြံမြေစာချုပ်ကို ညာထိုးခိုင်းခဲ့တာပါ။ သက်သေဆိုသူတွေကိုတော့ မမကြီးက ငွေတွေပေးပြီး နှုတ်ပိတ်ထားခိုင်းခဲ့တာပေါ့။ မောင်ငယ့်ကိုတော့ လယ်သုံးဧကနဲ့ မောင်ငယ့်မိန်းမအတွက် လက်ကောက်တစ်ရန်ပေးပြီး အချိုသတ်ခဲ့လို့ မယ်အိတို့သွားတဲ့အချိန် မလုံ့ဘဲရှောင်နေခဲ့တဲ့မောင်ငယ်။ မောင်ငယ့်အိမ်မီးလောင် မိန်းမဖြစ်သူနှင့်ဥ ရှိသမျှအတွင်းပစ္စည်းတွေတစ်ခုမကျန်ယူပြီး လင်ငယ်နောက်ကောက်ကောက်ပါအောင်လိုက်သွားတော့မှ မောင်ကြီးကို မောင်ငယ်အကုန်ရင်ဖွင့်ပြောပြခဲ့တဲ့အဖြစ်တွေပါ။ အဖေ့အပေါ် မတရားလိမ်ညာလက်မှတ်ထိုးခိုင်း၊ မောင်နှမသားချင်းတွေအပေါ် လောဘဇောတိုက်၊ လက်ဝါးကြီးအုပ်၊ ကလိမ်စေ့ငြမ်းဆင် လုပ်ချင်ရာလုပ်ခဲ့သူ မမကြီးဟာ အဆိပ်ကိုမြိန်ရေရှက်ရေသောက်သုံးမျိုချခဲ့သူ။ အဆိပ်ဒဏ်ကြောင့် အခုတော့ အိပ်ရာထက်မှာ အချိန်တိုင်းအော်ဟစ်ညည်းညူနေခဲ့ရပြီ။ အဆိပ်ကို တစ်ပိုင်းတစ်စသောက်ခဲ့မိသူ မောင်ငယ်ခမျာမှာတော့ အိမ်မရှိ၊ ယာမရှိ သူများလယ်ထဲက တဲလေးထဲမှာနေနေရပြီး အပူမီးတငွေ့ငွေ့လောင်မြိုက်ခြင်းခံနေရဆဲ။ မယ်အိ သက်ပြင်းချပြီး အပြင်ကိုလှမ်းကြည့်မိလိုက်တော့ ကျီးတွေတဝေါဝေါသံနဲ့ပြိုနေပါကလား။

# နေရာနှင့် လူ့တန်ဖိုး

**ကိုငြိမ်းငယ်(ကျွန်းဒေါင့်)**

ကျွန်ုပ်တို့လူသားများအပါအဝင် သတ္တဝါများ၏ အသက်ရှင်သန်ရေးအတွက် အခြေခံဖြစ်သော စားဝတ်နေရေးသည် အလွန်အရေးကြီးသည်။ ဤဆောင်းပါးတွင် နေရာနှင့်ပတ်သက်သည်များကိုဖော်ပြ ရေးသားလိုက်ပါသည်။ လူသားတိုင်းသည် မိမိတို့၏ ဘဝကို သာယာလှပရန် နေရာဟူသောဗိမာန်လေးများတွင်နေထိုင်ကြပြီး ထုဆစ်ပုံဖော်နေကြသည်။ သူ့နေရာ၊ ကိုယ့်နေရာ၊ အချိန်အကြာကြီးရှိသင့်သည့်နေရာ၊ အချိန်ခဏပဲရှိသင့်သည့်နေရာ စသည်ဖြင့် အမျိုးမျိုးရှိသည်။ သို့ရာတွင် ဘဝရှင်သန်ရန်အတွက် အထောက်အပံ့ကောင်းများကို သူ့နေရာနှင့်သူ နေရာမှန်ဖြင့်သာရှိသင့်သည်။ နေရာလွဲမှားသွားလျှင် ဘဝရှင်သန်နိုင်သည့်စွမ်းရည်များ ကျဆင်းရမည်ဖြစ်ပြီး အန္တရာယ်များပင်ဖြစ်စေနိုင်ကြောင်းကို သိရှိထားရမည်ဖြစ်သည်။

နေရာဟူသည် မဆန်းကြယ်လှပေ။ မြန်မာအဘိဓာန်တွင် နေရာသည် နေထိုင်စရာအရပ်၊ တည်ရှိရာဌာနဟုဖော်ပြထားသည်။ သို့သော် နေရာဟူသောဝေါဟာရ၏ အသုံးအနှုန်းနှင့်အဓိပ္ပာယ်တို့မှာ နက်ရှိုင်းကျယ်ပြန့်လှသည်။ မိမိအနေဖြင့် တွေးနိုင်သလောက်၊ ခံစားနိုင်သလောက်၊ စိတ်ကူးဉာဏ်ကွန့်မြူးနိုင်သလောက် နက်ရှိုင်းကျယ်ပြန့်မည်ဖြစ်သည်။ သို့ရာတွင် နေရာနှင့်အတူဆက်စပ်လျက် စည်းကမ်းဟူသည့်အရာကို ကျွန်ုပ်တို့အနေဖြင့် အထူးသိရှိထားရမည်။ ဥပမာအားဖြင့် အိမ်ဟူသောနေရာနှင့်ဆက်စပ်လျက်ရှိသည့် အိမ်စည်းကမ်း၊ စာသင်ကျောင်းဟူသောနေရာနှင့်ဆက်စပ်လျက်ရှိသည့် ကျောင်းစည်းကမ်း၊ ရပ်ရွာဟူသောနေရာနှင့်ဆက်စပ်လျက်ရှိသည့် ရပ်ရွာစည်းကမ်းစသည်ဖြင့် များစွာရှိပါသေးသည်။ ထိုအရာများကို ထောက်ရှုခြင်းဖြင့် နေရာနှင့်စည်းကမ်းသည် ဒွန်တွဲနေကြောင်းကို တွေ့ရမည်ဖြစ်သည်။

ထို့ပြင် ပစ္စည်းတစ်ခုခုဖြစ်စေ၊ လူကိုဖြစ်စေ၊ ငွေကြေးကိုဖြစ်စေ ထားရှိရန်နေရာ သို့မဟုတ် သုံးစွဲရန်အတွက် စနစ်တကျရှိစေရန် နေရာသည်အလွန်အရေးကြီးသည်။ ပစ္စည်းတစ်ခုကို သူ့နေရာနှင့်သူ နေရာမှန်ထားရန်လိုသည်။ နေရာအထားမှား၍ ပြန်ရှာမတွေ့လျှင် စိတ်ခံစားမှုအပေါ် ထိခိုက်မှုရှိကြောင်း လူတိုင်းကြုံဖူးကြပေမည်။ နေရာအထားမှားခြင်းကြောင့် ဆုံးရှုံးမှုဖြစ်တတ်သည်ကိုလည်း မိမိတို့၏အတွေ့အကြုံအရ သိရှိနိုင်ကြပေလိမ့်မည်။ ထို့ပြင် လူတစ်ဦးနှင့်တစ်ဦး စကားပြောဆိုဆက်ဆံကြရာတွင် သူ့နေရာနှင့်သူ မပြောဆိုတတ်ခြင်းကြောင့် အမုန်းပွားရသောအခိုက်အတန့်များလည်း ရှိတတ်ကြသည်။ ထို့ကြောင့် နေရာဟူသောစကားလုံးသည် အလွန်အရေးကြီးလှသည်။ တစ်ဦးကိုတစ်ဦး ချစ်ခင်၍၊ ကြင်နာ၍၊ မေတ္တာမျှကြ၍ လက်ထပ်မင်္ဂလာပြုခဲ့သောအိမ်ထောင်တစ်ခုတွင်လည်း ခင်ပွန်းဖြစ်သူကို ခင်ပွန်းနေရာ၊ ဇနီးဖြစ်သူကို ဇနီးနေရာထားတတ်ရပါမည်။ ထို့ပြင် သားသမီးကို သားသမီးနေရာ၊ မိတ်ဆွေကို မိတ်ဆွေနေရာ၊ ဆရာသမားကို ဆရာသမားနေရာ၊ မိဘကို မိဘနေရာ စသည်ဖြင့် သူ့နေရာနှင့်သူ ထားတတ်ရန်လိုသည်။ မိမိထက် အသက်ဂုဏ်သိက္ခာကြီးမြတ်သောသူ၊ သီလရှိသူ၊ သမာဓိရှိသူ၊ ပညာနှင့်ပြည့်စုံသူတို့ကိုလည်း သူ့နေရာနှင့်သူ ထားတတ်မှသာ တန်ဖိုးရှိမည်ဖြစ်သည်။ သို့မှသာ ဘဝလမ်းကြောင်းများလည်း ဖြောင့်တန်းမည်ဖြစ်သည်။

❖ မြန်မာလူမျိုးတို့သည် မိမိထက်အသက်ဂုဏ်သိက္ခာကြီးသူ၊ ပညာရှိသူတို့ကို ရိုသေစွာနေရာပေးတတ်ကြသည်။ အကျင့်သီလနှင့်ပြည့်စုံသူများကိုလည်း လေးလေးစားစားဖြင့်နေရာပေးတတ်ကြသည်။ ထိုသို့ သူ့နေရာနှင့်သူ သင့်လျော်အောင်နေရာပေးတတ်ကြခြင်းကို မြန်မာလူမျိုးတို့၏ လူမှုဆက်ဆံရေးယဉ်ကျေးမှုဟု ခေါ်ဆိုနိုင်သည်။ သားသမီးများက မိဘများကို ရိုသေစွာနေရာပေးခြင်း၊ တပည့်များက ဆရာများကို ရိုသေစွာနေရာပေးခြင်း၊ ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူကို ရိုသေစွာနေရာပေးခြင်း စသည်တို့သည်လည်း နေရာပေးခြင်းနှင့်ပတ်သက်၍ မြန်မာတို့၏ အစဉ်အလာကောင်းများဖြစ်ပြီး လူ့တန်ဖိုးပင်ဖြစ်သည်။ ❖

လူ့လောကကြီးသည် နက်ရှိုင်းကျယ်ပြန့်သည့်အတွက် လူ့လောကတွင်ရှိသောနေရာများသည်လည်း များပြားစွာရှိကြသည်။ ထို့ကြောင့် နေရာကိုတစ်သမတ်တည်း ချမှတ်ထား၍မရပေ။ အခြေအနေနှင့်အချိန်အခါကိုလိုက်၍ နေထိုင်၊ ပြုပြင်ရသောအခိုက်အတန့်များလည်းရှိသည်။ ဥပမာအားဖြင့် အိမ်ရှင်နှင့်ဧည့်သည်ကို မြင်ယောင်ကြည့်နိုင်သည်။ အိမ်တစ်အိမ်တွင် သတ်မှတ်ထားပြီးဖြစ်သော အိမ်ရှင်၏နေရာ၊ ဧည့်သည်၏နေရာဟူ၍ရှိသည်။ အိမ်ရှင်ဖြစ်သူကလည်း အိမ်ရှင်နေရာမှ နေထိုင်တတ်ရမည်။ ထို့အတူ ဧည့်သည်ဖြစ်သူကလည်း ဧည့်သည်နေရာမှနေထိုင်တတ်ရပါမည်။ ဤအရာများကို စည်းကမ်းဟုခေါ်ဆိုနိုင်သည်။ မြန်မာလူမျိုးတို့သည် မိမိထက် အသက်ဂုဏ်သိက္ခာကြီးသူ၊ ပညာရှိသူတို့ကို ရိုသေစွာနေရာပေးတတ်ကြသည်။ အကျင့်သီလနှင့်ပြည့်စုံသူများကိုလည်း လေးလေးစားစားဖြင့် နေရာပေးတတ်ကြသည်။ ထိုသို့ သူ့နေရာနှင့်သူ သင့်လျော်အောင်နေရာပေးတတ်ကြခြင်းကို မြန်မာလူမျိုးတို့၏ လူမှုဆက်ဆံရေးယဉ်ကျေးမှုဟု ခေါ်ဆိုနိုင်သည်။ သားသမီးများက မိဘများကို ရိုသေစွာနေရာပေးခြင်း၊ တပည့်များက ဆရာများကိုရိုသေစွာ နေရာပေးခြင်း၊ ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူကို ရိုသေစွာနေရာပေးခြင်း စသည်တို့သည်လည်း နေရာပေးခြင်းနှင့်ပတ်သက်၍ မြန်မာတို့၏အစဉ်အလာကောင်းများဖြစ်ပြီး လူ့တန်ဖိုးပင်ဖြစ်သည်။

အိမ်တစ်အိမ်တွင် ထမင်းဟင်းချက်သည့်နေရာ၊ အိပ်သည့်နေရာ၊ ထိုင်သည့်နေရာ၊ ဧည့်သည်အတွက်နေရာစသည်ဖြင့် သူ့နေရာနှင့်သူ ရှိတတ်ကြသည်။ ထို့ကြောင့် နေရာတစ်ခုသည် စည်းကမ်းနှင့်ဆက်စပ်လျက်ရှိသည်။ အဝတ်အစားဝတ်ဆင်သည့်နေရာတွင်လည်း သူ့နေရာနှင့်သူဝတ်ဆင်တတ်ရန်လိုသည်။ သူ့နေရာနှင့်သူ ဝတ်ဆင်တတ်သူများကို လူတို့ချီးမွမ်းလေ့ရှိသည်။ သူ့နေရာနှင့်သူ မဝတ်ဆင်တတ်ပါကလည်း ကဲ့ရဲ့ခံရနိုင်ပြီး တန်ဖိုးကျဆင်းတတ်သည်။ အချို့သောလူများသည် မိမိရှိလို့မိမိဝတ်တာဟုဆို၍ သူ့နေရာနှင့်သူ မဟုတ်ဘဲ ဝတ်ဆင်ကြသူများလည်းရှိသည်။ လူကဲ့ရဲ့ခံရခြင်းသည် မိမိ၏အသားကိုမနာကျင်စေနိုင်သော်လည်း လူ့ဂုဏ်သိက္ခာ၊ လူ့တန်ဖိုးကိုလျော့ကျစေသည်။ လူမှုနယ်ပယ်တွင် "တောင်းမှာအကွပ်၊ လူမှာအဝတ်"ဟူ၍ ဆိုရိုးစကားလည်းရှိပေသည်။ အကွပ်မရှိသောတောင်းတွင် နှီးစများမှာ ထိုးထိုးထောင်ထောင်ထွက်နေမည်ဖြစ်သည်။ သပ်ရပ်မှုမရှိသည့်အပြင် ကြာရှည်ခိုင်ခံ့မည်လည်းမဟုတ်ပေ။ အကွပ်မရှိခြင်းသည် အထိန်းအသိမ်းမရှိခြင်းသဘောကို ဆောင်ပေသည်။

လူတို့သည်လည်း မိမိလူမျိုး၏ဝတ်စုံကို နေရာဒေသ၊ အချိန်ကာလအလိုက် ဝတ်ဆင်တတ်ရန်လိုသည်။ ထိုသို့မဟုတ်ဘဲ ကပိုကရို၊ ဖရိုဖရဲနေရာမကျဝတ်ဆင်ပါက မိမိလူမျိုး၏ဂုဏ်သိက္ခာအဆင့်အတန်းကိုထိခိုက်စေသည်။ ထို့ပြင် သူတစ်ပါး၏အထင်အမြင်သေးခြင်းကိုလည်း ခံရတတ်သည်။ အဝတ်အစားဝတ်ဆင်ခြင်းမှာ အရှက်တရားကို လုံခြုံစေရန်၊ ရာသီဥတုဒဏ်ကိုခံနိုင်၍ အပူအအေးမျှတစေရန်၊ မိမိလူမျိုး၏ ဝိသေသဂုဏ်ကို ဖော်ဆောင်နိုင်စေရန်တို့ဖြစ်သည်။ အဝတ်အစားဝတ်ဆင်သည်ဆိုရာတွင်လည်း မိမိအရွယ်၊ ဂုဏ်သိက္ခာအဆင့်အတန်းနှင့်လိုက်လျောညီထွေရှိသင့်ကြပေသည်။ ဆယ်ကျော်သက်အရွယ်လူတစ်ဦးက အသက် ၆၀ ကျော်အရွယ် ဝတ်ဆင်သကဲ့သို့ဝတ်ဆင်ထားလျှင် လူရယ်ဖွယ်ဖြစ်ပေလိမ့်မည်။ ထို့အတူပင် အသက် ၆၀ ကျော်အရွယ်လူတစ်ဦးက ဆယ်ကျော်သက်အရွယ်ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်ပြန်ပါက လူအများကဲ့ရဲ့ဖွယ်ဖြစ်ပေတော့မည်။ ထို့ပြင် မင်္ဂလာပွဲသို့သွားသော အဝတ်အစားမျိုးနှင့် အနိစ္စာရုံကိစ္စများကိုသွားမည်ဆိုလျှင် မသင့်လျော်ပေ။ ထို့ကြောင့် နေရာနှင့်အခြေအနေကိုလေ့လာပြီး သူ့နေရာနှင့်သူ လိုက်လျောညီထွေဖြစ်ရန် ဝတ်ဆင်သင့်ပေသည်။

မည်သည့်အကြောင်းကိစ္စကိုမဆို နေရာနှင့်သွား၊ နေရာနှင့်စား၊ နေရာနှင့်အိပ်၊ နေရာနှင့်အညီ ပြောဆိုဆက်ဆံကြဟူ၍ ရှေးလူကြီးများက သွန်သင်ဆုံးမလေ့ရှိသည်။ လူတိုင်းလူတိုင်းသည် မွေးလာသောအခါတွင် နေရာနှင့်ဖြစ်သလို သေဆုံးချိန်တွင်လည်း သူ့နေရာနှင့်သူပင်ဖြစ်သည်။ သို့သော် လူ့ဘဝထဲတွင်ရှင်သန်နေရစဉ်အတွင်း ကောင်းသောလမ်းကိုလျှောက်လှမ်းကြ၍ ကောင်းသောနေရာသို့ရောက်ရှိစေရန် ကြိုးစားကြရပါမည်။ ကောင်းသောနေရာနှင့် ဟန်ချက်ညီသောနေရာတွင် ရပ်တည်နိုင်ခြင်းမရှိလျှင် ဂုဏ်ခြေလည်းမရှိ၊ သိက္ခာလည်းမရှိ၊ တန်ဖိုးလည်းမရှိဖြစ်တတ်သည်။ စည်းကမ်းသည် လူ၏တန်ဖိုး ဟူသောစကားလည်းရှိသည်။ စည်းကမ်းဆိုသည်မှာလည်း နေရာဒေသအလိုက်ရှိနေသည်။ ထိုအချက်များကိုသုံးသပ်ခြင်းအားဖြင့် လူ့တန်ဖိုးကို မိမိရောက်ရှိနေသောနေရာနှင့်တိုင်းတာ၍ရရှိနိုင်သည်။ ကောင်းသောနေရာတွင် ရပ်တည်နေသလား သို့မဟုတ် ဆိုးသောနေရာတွင်ရပ်တည်နေသလားဆိုသည်ကိုမူ ကျွန်ုပ်တို့တစ်ဦးချင်းစီ သိရှိကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# ကြာအင်းဆိပ်ကြီးမြို့နယ် လှိုင်ကနီ-လှကဒါ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၃၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၁၂၀၅ သန်းဖြင့် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လှိုင်ကနီ-လှကဒါ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်အေးစုမွန်နှင့် မြို့နယ်တာဝန်ရှိသူများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ လှိုင်ကနီ-လှကဒါ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

လှိုင်ကနီ-လှကဒါ ကျေးရွာချင်းဆက်လမ်းအရှည်တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေ ကိုးလက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၁၂၀၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် နေသစ္စာကုမ္ပဏီက အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းဆောင်ရွက်ပြီးစီးပါက လှိုင်ကနီကျေးရွာနှင့် လှကဒါကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၉၆၁ အိမ်၊ လူ ၄၁၇၈ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၂၀၀ မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်အေးစုမွန်က ပြောပြ၍ သိရသည်။

သူသူ



# ပြည်ပသို့ နိုဝင်ဘာလအတွင်း ရော်ဘာတန်ချိန် ၃၁၅၅၀ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၆၆၇ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ပသို့ နိုဝင်ဘာလအတွင်း ရော်ဘာတန်ချိန် ၃၁၅၅၀ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၆၆၇ သန်းကျော်တန်ဖိုး တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၆၆၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၃၁၅၅၀ တင်ပို့ ရောင်းချပေးခဲ့ရကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးခဲ့ရာ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၈၄ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၇၅၀၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၃၈၃ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၄၀၅၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၆၆၇ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၃၁၅၅၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ရော်ဘာတင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၆၇၀၀၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၅၆၀ နှင့်အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၄၀ စုစုပေါင်း ရော်ဘာတန်ချိန် ၇၅၀၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ရော်ဘာတင်ပို့ရောင်းချပေးခဲ့ရာတွင် ထိုင်းနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၇၉၀ နှင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၂၂၂၆၀ စုစုပေါင်း ရော်ဘာတန်ချိန် ၂၄၀၅၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ရော်ဘာခြံစိုက်ပျိုးရေး လုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တွင် အများဆုံးစိုက်ပျိုးကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

SKL

# စလင်းမြို့နယ် ကူတို(တ)ကျေးရွာ၌ မြေနီကျောက်စရစ်လမ်း လွှဲပြောင်းပေးအပ်

**စလင်း ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်သည့်ကူတို(တ)ကျေးရွာ၌ မြေနီကျောက်စရစ်လမ်း လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်က ကူတို(တ) ကျေးရွာတွင် မြေနီကျောက်စရစ် လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၃၆၉ သန်း စုစုပေါင်း ငွေကျပ် ၁၀ ဒသမ ၃၆၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ မြေနီကျောက်စရစ်လမ်း ပြီးစီးပြီဖြစ်သဖြင့် ရေရှည်အသုံးပြုနိုင်ရေး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများက ဆက်လက်ဆောင်ရွက်သွားနိုင်ရန် လုပ်ငန်းလွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကူတို(တ)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များကိုယ်စား ကော်မတီဝင်တစ်ဦးက မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

စလင်းမြို့နယ် ကူတို(တ) ကျေးရွာ၌ အရှည်ပေ ၃၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၀၈ အိမ်၊ လူ ၄၁၅ ဦး အကျိုးပြုနိုင်ပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အထွေး**

# မော်လမြိုင်ကျွန်းမြို့နယ် ထိန်ကုလားကျေးရွာတွင် ကွန်ကရစ်လမ်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးလပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထိန်ကုလားကျေးရွာအုပ်စု ထိန်ကုလားကျေးရွာတွင် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ကျွန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးခန့်ဇင်တို့က ထိန်ကုလားကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ထိန်ကုလားကျေးရွာ လမ်းကော်မတီဝင်များအား လမ်းရေရှည်အသုံးပြုနိုင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရမည့်နည်းလမ်းများကို အကြံပြု ပြောကြားခဲ့သည်။



ထိန်ကုလားကျေးရွာတွင် အရှည်ပေ ၂၄၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို နိုင်ငံတော် ပံ့ပိုးရန်ပုံငွေကျပ် ၆၉၆ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုဝင်ဘာ ဒုတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သဖြင့် ထိန်ကုလားကျေးရွာ၊ ဘီလူးကျွန်းကျေးရွာ၊ ရွှေလင်ပန်း ကျေးရွာ၊ ဟင်္သာတစုကျေးရွာ၊ သူဇာဝကျေးရွာနှင့် ကသစ်တန်းကျေးရွာ ခြောက်ရွာတို့မှ ဒေသခံပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးကျော်ကျော်နိုင်ထံမှ သိရသည်။ **တေဇလင်း**

# တီးတိန်မြို့နယ် ထာလ်မွာလ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တီးတိန် ဒီဇင်ဘာ ၃၀**

ချင်းပြည်နယ် တီးတိန်ခရိုင် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထာလ်မွာလ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွင်ငိုက်လွန်နှင့် တာဝန်ရှိသူများက ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့်အတူ ထာလ်မွာလ်ကျေးရွာ၌ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းဖြစ်သည့် ရေတားတမံ၊ ရေစစ်ကန်နှင့် ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း၊ အရှည် ခြောက်မိုင် နှစ်လက်မ PVC ပိုက် သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထာလ်မွာလ်ကျေးရွာ၌ ရေရရှိ ရေးလုပ်ငန်းများကို Smart Build Engineering ကုမ္ပဏီက ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၃၇၁ သန်းဖြင့် ဇွန်လ စတုတ္ထပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများပြီးစီးမှုကြောင့် ထာလ်မွာလ်ကျေးရွာရှိ အိမ်ခြေ ၈၈ အိမ်၊ လူဦးရေ ၁၀၅၄ ဦးအတွက်သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွင်ငိုက်လွန်ထံမှ သိရသည်။ **မင်းမြင့်မိုရ်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါး ဧက ၂၂၇၂၀ ရိတ်သိမ်းပြီးစီး

**မုံရွာ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ဧက ၂၂၇၂၀ ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၃၁၂၂ ဧက၊ ဆွမ္မရာမြို့တွင် ၂၀၂၇ ဧက၊ လဟယ်မြို့နယ်တွင် ၅၃၂၅ ဧက၊ ထန်ပါခွေမြို့တွင် ၁၃၂၁ ဧက၊ နန်းယွန်းမြို့နယ်တွင် ၂၁၇၂ ဧက၊ ဒုံဟီးမြို့တွင် ၄၆၈၃ ဧက၊ ပန်ဆောင်မြို့တွင် ဧက ၄၀၇၀ စုစုပေါင်း ဧက ၂၂၇၂၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဒီနှစ် မိုးစပါး ဧက ၂၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့တယ်။ စိုက်ခင်းတွေကို အခု ရိတ်သိမ်းနေကြပြီ။ ဒီနေ့ထိ ဧက ၂၂၀၀၀ ကျော် ရိတ်သိမ်းပြီးပြီ။ ကျန်တဲ့ဧကတွေကို ဆက်လက်ရိတ်သိမ်းနေကြပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးစပါးစိုက်ခင်းများကို ဒီဇင်ဘာလက စတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၂၂၇၂၀ ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပြီး တစ်ဧကလျှင် ပျမ်းမျှ ၅၃ ဒသမ ၂၅ တင်းထွက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၂၅၅၈၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ လေရှီးမြို့နယ်တွင် ၃၁၂၂ ဧက၊ ဆွမ္မရာမြို့တွင် ၂၀၂၇ ဧက၊ လဟယ်မြို့နယ်တွင် ၅၈၈၄ ဧက၊ ထန်ပါခွေမြို့တွင် ၁၅၁၁ ဧက၊ နန်းယွန်းမြို့နယ်တွင် ၂၅၅၆ ဧက၊ ဒုံဟီးမြို့တွင် ၄၉၃၇ ဧက၊ ပန်ဆောင်မြို့တွင် ၅၁၈၂ ဧက စုစုပေါင်း ၂၅၂၁၉ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ (၂၀၆)



**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ပလတ်စတစ်အန္တရာယ်

**မေဇင်ထွန်း**




ယနေ့ခေတ်အသုံးပြုနေကြသော ပလတ်စတစ်များ၏ ၉၉ ရာခိုင်နှုန်းသည် ရုပ်ကြွင်းလောင်စာများမှ အဓိကထားထုတ်လုပ်ထားခြင်းဖြစ်သောကြောင့် ပလတ်စတစ်ညစ်ညမ်းမှုသည် ရာသီဥတုပြောင်းလဲမှုနှင့်မလွဲမသွေဆက်စပ်နေသည်ကိုတွေ့ရပြီး ပလတ်စတစ်နှင့် သဘာဝပတ်ဝန်းကျင်သည်လည်း တစ်စိတ်တစ်ပိုင်းအားဖြင့် ဆက်စပ်နေသည်။ ထို့ကြောင့် ပလတ်စတစ်ညစ်ညမ်းမှု အကျပ်အတည်းများကိုဖြစ်ပေါ်စေသောအရင်းအမြစ်များနှင့် ပလတ်စတစ်ညစ်ညမ်းမှုကိုဖြစ်စေသော လူသားတို့၏လုပ်ရပ်များကိုလျှော့ချရန် နိုင်ငံတကာအနေဖြင့်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြသည်ကိုတွေ့ရသည်။ ယခုအခါ ရင်ဆိုင်နေရသော ပလတ်စတစ်အကျပ်အတည်းကို ပူးပေါင်းဆောင်ရွက်ကြရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားသောဖြင့်ပအဖွဲ့အစည်းများ၊ အစိုးရအာဏာပိုင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများ၊ စာနယ်ဇင်းအဖွဲ့များနှင့် ကျော်ကြားသောသတင်းစာတိုက်များ၊ ဂျိနီဗာနှင့် အခြားအဖွဲ့အစည်းများက ၎င်းကမ္ဘာလုံးဆိုင်ရာသဘာဝပတ်ဝန်းကျင်ပြဿနာများကိုဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာတစ်ဝန်းတွင်ဖြစ်ပေါ်လျက်ရှိပြီး ပလတ်စတစ်များ၏လည်ပတ်ပုံသံသရာစက်ဝန်းအဆင့်တိုင်းသည် လူသားများ၊ ကုန်းနေ၊ရေနေသတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးဆိုးရွားရွားထိခိုက်စေသည်။ ရုပ်ကြွင်းလောင်စာများထုတ်ယူခြင်း၊ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းလုပ်ငန်းစဉ်များ၏ သက်ရောက်မှုများကို ဇီဝမျိုးစုံမျိုးကွဲများ၊ ရာသီဥတုပြောင်းလဲမှု၊ လူ့ကျန်းမာရေးနှင့် လူ့အခွင့်အရေးတို့အပါအဝင် နယ်ပယ်ပေါင်းများစွာတွင် ခံစားနေကြရသည်။

ပလတ်စတစ်များသည် ဟာရီကိန်းမုန်တိုင်းများဖြစ်ပေါ်မှု၊ အန္တာတိကတိုက်ရှိ ရေခဲမြစ်များအရည်ပျော်မှု၊ နွေရာသီတွင် အပူလှိုင်းများမကြာခဏဖြတ်သန်းမှုနှင့် ဩစတြေးလျရှိ ကမ်းရိုးတန်းဒေသများတိုက်စားခံရမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များနှင့်ဆက်စပ်မှုရှိသည်ကိုလည်း လေ့လာတွေ့ရှိရသည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းသည် ရာသီဥတုပြောင်းလဲမှုကို အဆိုးရွားဆုံးဖြစ်စေသည့်အကြောင်းတရားများဖြစ်သည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်သည် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများဖြင့် ဝန်းရံနေတတ်ပြီး ကျွန်ုပ်တို့ရှူရှိုက်နေသောလေ၊ သောက်သုံးသောရေ၊ စားသုံးသောပင်လယ်စာနှင့် အခြားသောအစားအစာများတွင် ပလတ်စတစ်များသည် အရွယ်အစားမျိုးစုံဖြင့် ပါဝင်နေတတ်သည်ကိုတွေ့ရှိရသည်။ ပလတ်စတစ်များသည် ၎င်းတို့ကျင်လည်ရာစက်ဝန်းတစ်လျှောက်တွင် သွယ်ဝိုက်သောအားဖြင့်သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း သက်ရှိနှင့်ပတ်ဝန်းကျင်အတွက် အပျက်သဘောဆောင်သည့် သက်ရောက်မှုများရှိသည်ကို တွေ့ရသည်။

ထို့အတွက်ကြောင့် ကမ္ဘာ့ခေါင်းဆောင်များ၊ သိပ္ပံပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိပ်သီးအစည်းအဝေးများနှင့်ဆွေးနွေးပွဲများတွင် ပလတ်စတစ်အကြောင်းကို အရေးတယူထည့်သွင်းကာ ဆွေးနွေးခဲ့ကြသည်။ ပလတ်စတစ်အကြောင်းဆွေးနွေးရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်ခြောက်ချက်ရှိပြီး ၎င်းတို့မှာ ပလတ်စတစ်နှင့် ရာသီဥတုပြောင်းလဲမှု ဆက်စပ်နေသည်ကို ထောက်ပြနေကြောင်း တွေ့ရသည်။ ၎င်းအချက်ခြောက်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**ပလတ်စတစ်ထုတ်လုပ်ခြင်း**

ပလတ်စတစ်များသည် ရုပ်ကြွင်းလောင်စာများမှ ထုတ်လုပ်ကြောင်းကို လူအများစုက မသိရှိကြပေ။ အမှန်တကယ်တွင် ကမ္ဘာ့ရေနံသုံးစွဲမှု၏ ခြောက်ရာခိုင်နှုန်းခန့်ကို ပလတ်စတစ်စက်မှုလုပ်ငန်းက အသုံးပြုနေခြင်းဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် ပလတ်စတစ်လုပ်ငန်းက ရေနံသုံးစွဲမှုသည် ၂၀ ရာခိုင်နှုန်းထိရောက်ရှိနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ ပလတ်စတစ် ထုတ်လုပ်မှုလုပ်ငန်းစဉ်များသည် များပြားလှသည့်အတွက် ၎င်းလုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်ရန် စွမ်းအင်များစွာလိုအပ်သောကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့(GHG)ထုတ်လွှတ်မှုများလည်း မြင့်တက်လာနိုင်သည်။

**ပလတ်စတစ်သုံးစွဲမှု**

လူအများစုက ပလတ်စတစ်ကို ပြန်လည်အသုံးပြုနိုင်သော အမှိုက်ပုံးများတွင် စွန့်ပစ်သည့်အခါ လုံးဝပျောက်ကွယ်သွားသည်ဟု ထင်တတ်ကြသည်။ အမှန်မှာ ကမ္ဘာအနှံ့ ပြန်လည်အသုံးပြုနိုင်သော စွန့်ပစ်ပလတ်စတစ်အမှိုက်များသည် ကိုးရာခိုင်နှုန်းသာရှိပြီး ကျန်ပလတ်စတစ်အမှိုက်များကိုမူ ပတ်ဝန်းကျင်တွင် စွန့်ပစ်ထားတတ်ကြသည်။ တောင်အာရှနိုင်ငံများသည် ပလတ်စတစ်အမှိုက်စွန့်ပစ်မှု အများဆုံးနိုင်ငံများထဲတွင်ပါဝင်သည်။ ၎င်းတောင်အာရှနိုင်ငံများမှာ အာဖဂန်နစ္စတန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ နီပေါနိုင်ငံတို့ဖြစ်ပြီး ၎င်းနိုင်ငံများမှ နေ့စဉ်စွန့်ပစ်သော ပလတ်စတစ်အမှိုက်များသည် တန်ချိန် ၂၆ သန်းကျော်ထိရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် တောင်အာရှတွင်ရှိသော နိုင်ငံများသည် ကမ္ဘာပေါ်တွင် အမှိုက်အများဆုံးစွန့်ပစ်သည့်နိုင်ငံများဖြစ်ပြီး ၎င်းတို့စွန့်ပစ်သည့်အမှိုက်များကို တွက်ချက်ကြည့်ပါက တစ်ကမ္ဘာလုံးအတိုင်းအတာ၏ ၇၅ ရာခိုင်နှုန်းရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**ပလတ်စတစ်အမှိုက်များကို စွန့်ပစ်ခြင်း**

ပလတ်စတစ်အမှိုက်များကို သတ်မှတ်ထားသောပုံစံဖြင့်စွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုခြင်းများကို မပြုလုပ်ပါက ထိုစွန့်ပစ်ထားသော ပလတ်စတစ်အမှိုက်များသည် လေ၊ ရေ၊ နေရောင်ခြည်တို့နှင့် ထိတွေ့သည့်အခါ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုဖြစ်စေပါသည်။ တောင်အာရှနိုင်ငံများမှ စည်းကမ်းစနစ်တကျမစွန့်ပစ်ခဲ့သည့် ပလတ်စတစ်အမှိုက်တန်ချိန် ၁၈ သန်းခန့်သည် စီမံခန့်ခွဲမှုမှားယွင်းခြင်းကြောင့် နေရောင်ခြည်နှင့် ထိတွေ့သည့်အခါတွင် မီသိန်းနှင့် အီသလင်းဓာတ်တို့ကို ထုတ်လွှတ်ကာ သမုဒ္ဒရာ၏နေရာအနှံ့သို့ မျောပါသွားကြသည်။ ကမ္ဘာပေါ်ရှိ ပလတ်စတစ်ထုတ်လုပ်ရာတွင် အများဆုံးသုံးသော ပိုလီအီသိုင်လင်းဓာတုဒြပ်ပေါင်းသည် မီသိန်းနှင့် အီသလင်းဓာတ်ငွေ့ နှစ်မျိုးစလုံးကို အမြင့်မားဆုံးထုတ်လွှတ်သော ဓာတုဒြပ်ပေါင်းဖြစ်သည့်အတွက် ပလတ်စတစ်အမှိုက်များကို စည်းစနစ်တကျစွန့်ပစ်ရန်မှာ အလွန်အရေးကြီးသည်။

**ပလတ်စတစ်အမှိုက်များကို ပြန်လည်အသုံးပြုခြင်း**

ပလတ်စတစ်များကို ပြန်လည်အသုံးပြုနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှု၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို သိသိသာသာ လျှော့ချနိုင်သော်လည်း တောင်အာရှနိုင်ငံများမှထွက်ရှိသောအမှိုက်အားလုံးမှ ငါးရာခိုင်နှုန်းသည်သာလျှင် ပြန်လည်အသုံးပြုနိုင်သဖြင့် ပြန်လည်အသုံးပြုနိုင်သောပလတ်စတစ်ပမာဏမှာ အလွန်နည်းသည်ကို တွေ့ရသည်။ အဏ္ဏဝါတွင်း ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းစဉ်ကိုဆောင်ရွက်ရာတွင် ဘီလပ်မြေ၊ အလူမီနီယံ၊ သံမဏိနှင့် ပလတ်စတစ်စက်ရုံများသည် သက်ဆိုင်ရာတာဝန်ရှိသူများက ချမှတ်ထားသော စီးပွားရေးမူများကို လိုက်နာကျင့်သုံးခြင်းဖြင့် ၎င်းစက်မှုလုပ်ငန်းများမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၄၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်ကို တွေ့ရှိခဲ့ရသည်။

**အဏ္ဏဝါအတွင်းရှိ စွန့်ပစ်အမှိုက်များ**

ပလတ်စတစ်အမှိုက် ထရပ်ကားတစ်စီးစာကို သမုဒ္ဒရာထဲသို့ မိနစ်တိုင်းစွန့်ပစ်ခြင်းသည် အဏ္ဏဝါတွင်းညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်ပေါ်စေသည်။ ပင်လယ်ထဲသို့ရောက်ရှိသွားသော ပလတ်စတစ်များသည် မိုက်ခရိုပလတ်စတစ်များအဖြစ်သို့ ပြိုကွဲသွားပြီးနောက် ရာသီဥတုပြောင်းလဲမှုကို တိုက်ရိုက်အကျိုးသက်ရောက်မှုဖြစ်စေသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုဖြစ်စေပါသည်။ ၎င်းဖန်လုံအိမ်ဓာတ်ငွေ့များသည် သမုဒ္ဒရာအတွင်းရှိ ရေနေသတ္တဝါများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးသက်ရောက်မှုဖြစ်စေသည်ကို တွေ့ရသည်။ ရေမျောပင်များနှင့် ရေမျောပင်များတွင်ကပ်နေသော ရေမျောကောင်များသည် ပင်လယ်များအတွင်း၌ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၏ ၃၀ ရာခိုင်နှုန်း မှ ၅၀ ရာခိုင်နှုန်းကို စုပ်ယူပေးထားနိုင်သော်လည်း ၎င်းတို့သည် မိုက်ခရိုပလတ်စတစ်များ၏ဂေဟစနစ်ကို နှောင့်ယှက်ခြင်းခံရပြီးနောက်တွင် ရေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို ဖယ်ရှားနိုင်စွမ်းလျော့နည်းသွားသည်။

**ပလတ်စတစ်အမှိုက်များကို မီးရှို့ခြင်း**

တောင်အာရှနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်အဖြစ်များသောစွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းသည် အလေ့အထတစ်ခုကဲ့သို့ဖြစ်နေသည်။ အိန္ဒိယနှင့် နီပေါနိုင်ငံတို့ပေါင်းစည်းထားသောအမှိုက်ပမာဏသည် တစ်ကမ္ဘာလုံးတွင် မီးရှို့လောင်ကျွမ်းခဲ့သည့် အမှိုက်များ၏ ၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်။ ပလတ်စတစ်အမှိုက်များကို မီးရှို့ခြင်းဖြင့် ပြင်းထန်သောလေထုညစ်ညမ်းမှုကိုဖြစ်စေခဲ့ပြီး မဲမှောင်နေသောမီးခိုးများမှ ကာဗွန်ထုတ်လုပ်မှုများကိုဖြစ်ပေါ်စေကာ နယူးဒေလီကဲ့သို့မြို့ကြီးများတွင်မြင်တွေ့ရသော မီးခိုးမြူများ၏ ထက်ဝက်သည် အမှိုက်မီးရှို့ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ထိုသို့ ကာဗွန်များဖုံးလွှမ်းနေသော ကမ္ဘာကြီးသည် တဖြည်းဖြည်းပူနွေးလာပြီး အမှိုက်များမီးရှို့မှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုသည်လည်း ပိုများလာကြောင်း သိရပါသည်။

ရာသီဥတုအပေါ် စီမံခန့်ခွဲမှုမှားယွင်းသောအခါ ဖြစ်ပေါ်လာသည့် ပလတ်စတစ်အမှိုက်များ၏ အကျိုးသက်ရောက်မှုများ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ဂေဟစနစ်များအပေါ် သက်ရောက်မှုများသည် လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ ထိုပြဿနာကို ဖြေရှင်းရန်အတွက် စီးပွားရေးချဉ်းကပ်မှုတစ်ခုသည် ပလတ်စတစ်များ ပြန်လည်အသုံးပြုရန်ဖြစ်သည်။ ထို့အတွက် အိန္ဒိယနိုင်ငံသည် လက်ဖက်ရည်ကို ပလတ်စတစ်ခွက်များဖြင့်ထည့်မည့်အစား ဇီဝဖြစ်စဉ်အရ ဆွေးမြည့်ပျက်စီးနိုင်သော မြေသားခွက်များဖြင့် အစားထိုးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ပလတ်စတစ်များထုတ်ယူခြင်း၊ သန့်စင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များတွင် ကာဗွန်ပါဝင်မှုကို လျှော့ချရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။


ပလတ်စတစ်အမှိုက်များကို မီးရှို့ခြင်းသည် အဆိပ်အတောက်များနှင့်အတူ လေထုထဲသို့သိသာထင်ရှားသောဖန်လုံအိမ်ဓာတ်ငွေ့များကို ထုတ်လွှတ်သည့်အတွက် ပြန်လည်အသုံးပြုခြင်းအပါအဝင် စွန့်ပစ်ရာတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန်လိုလာပါသည်။ ခန့်မှန်းချက်များအရ ပလတ်စတစ်များမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ၂၀၅၀ ပြည့်နှစ်တွင် ၁၃ ရာခိုင်နှုန်းခန့်ထိ ရောက်ရှိနိုင်သည်။ သမုဒ္ဒရာတွင်းပြန့်ကျဲနေသော ပလတ်စတစ်များသည် သမုဒ္ဒရာများ၏ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူနိုင်စွမ်းကို အနှောင့်အယှက်ဖြစ်စေနိုင်သည့်အပြင် ရာသီဥတုပြောင်းလဲမှုကို အရှိန်မြှင့်နေသကဲ့သို့ဖြစ်နေသည်ကို လေ့လာတွေ့ရှိရသည်။

သမုဒ္ဒရာများ၊ ကုန်းမြေများနှင့် တောင်တန်းများကဲ့သို့သော အမျိုးမျိုးသောဂေဟစနစ်များအတွက် ပလတ်စတစ်များသည် ရာသီဥတုပြောင်းလဲမှုနှင့် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုများကို ဖြစ်စေနိုင်သည်။ ထို့ပြင် ပလတ်စတစ်များသည် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေနိုင်ကာ ဇီဝမျိုးစုံမျိုးကွဲများကိုလည်း မျိုးသုဉ်းစေနိုင်သည်ကို လေ့လာတွေ့ရှိခဲ့ပြီးနောက် ပလတ်စတစ်နှင့်ပတ်သက်၍ သတိပြုဆင်ခြင်သုံးစွဲခြင်းသည်သာလျှင် အသင့်တော်ဆုံးဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**6 reasons to blame plastic pollution for climate change ကို ဘာသာပြန်ဆိုပါသည်။**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက ရမှတ်ရှာဖွေဖို့လိုအပ်နေတဲ့ စပါး၊ ချဲလ်ဆီး၊ မိုနာကိုအသင်းတို့ကို အားပေးရမှာပါ

ML




ခရစ္စမတ်အလွန်ကာလဟာ ဥရောပဘောလုံးရာသီရဲ့ ဆောင်းတွင်းဖြစ်သလို ကစားသမားအများစုအတွက် ဒဏ်ရာရ၊ ပွဲပယ်တွေများတဲ့ ကာလတစ်ခုဖြစ်တာကြောင့် တနင်္ဂနွေနေ့ညပွဲစဉ်တွေကိုလဲ သတိထားချဉ်းကပ်ရအုံးမှာပါ။ လာမဲ့ တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်ပြိုင်ပွဲနဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေပဲရှိပေမဲ့ အဲဒီထဲက တိုက်စစ်ကစားပုံကောင်းတဲ့ အသင်းတွေနဲ့ ကစားသမားစုဖွဲ့မှုအသာရနေတဲ့အသင်းတွေကိုပဲ အဓိကရွေးချယ်ရမှာဖြစ်ပြီး အဲဒီထဲက မဖြစ်မနေရမှတ်ရှာဖွေရမဲ့ပွဲစဉ်တွေကိုပဲ အားပေးရမှာပါ။

### စပါးကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ စပါးအသင်းနဲ့ အေဗီလာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါးအသင်းဟာ ပြီးခဲ့တဲ့ ဘရန့်ဖို့ဒ်အသင်းနဲ့ကစားခဲ့တဲ့ပွဲစဉ်မှာ ပြိုင်ဘက်ရဲ့ဦးဆောင်မှုကိုခံရပြီး နောက်ကလိုက်ကစားနိုင်ခဲ့လို့ သရေတစ်မှတ်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းအနေနဲ့ လူစုံပါဝင်နိုင်ခြင်းမရှိပေမဲ့လဲ ဘရန့်ဖို့ဒ်အသင်းထက် ကစားသမားစုဖွဲ့မှုသာလွန်ခဲ့ပြီး ခံစစ်ပိုင်းအားနည်းချက်ကြောင့် ဦးဆောင်ဂိုးတွေခွင့်ပြုလိုက်ရတာကိုတွေ့ရမှာပါ။ ဒါကြောင့် နည်းပြကွန်တီဟာ အခုအိမ်ကွင်းပွဲစဉ်မှာ ရမှတ်မဆုံးရှုံးဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ နိုင်ပွဲရှာရမှာဖြစ်ပါတယ်။ စပါးအသင်းဟာ ရာသီအစ ရလဒ်ကောင်းခဲ့ပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ဒဏ်ရာရကစားသမားတွေများတာကြောင့် ရလဒ်ပိုင်းကျဆင်းခဲ့ပြီး အမှတ်ပေးပွဲ ၁၆ ပွဲအပြီးမှာ ရမှတ် ၃၀ သာရရှိခဲ့တာကြောင့် အဆင့်(၄)ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၅) က မန်ယူနဲ့ တစ်မှတ်၊ အဆင့်(၆) က လီဗာပူးနဲ့ ရမှတ်ငါးမှတ်သာ ကွာဟမှုရှိတာကြောင့် လာမဲ့ပွဲစဉ်တွေဟာ သူတို့အသင်းအတွက် အရေးကြီးလာတာကိုတွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းတိုက်စစ်ကို ဟယ်ရီကိန်းက ဦးဆောင်နေပြီး သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာတော့ ကမ္ဘာ့ဖလားကစားထားရတဲ့ ကစားသမားတွေကြောင့် လူစုံမပါဝင်နိုင်ပေမဲ့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ ရစ်ချာလီဆန်၊ ဘန်တန်ကာတို့ကလွဲရင် အားလုံးပါဝင်ကစားနိုင်မှာဖြစ်ပါတယ်။

နည်းပြအမ်မရီရဲ့အေဗီလာအသင်းကတော့ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ လီဗာပူးအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး လက်ရှိမှာလဲ အိမ်ကွင်းကစားပုံမာကျောတဲ့ စပါးအသင်းနဲ့ကစားရမှာဖြစ်လို့ ရှုံးကန်ရဖို့များပါတယ်။ သူတို့အသင်းအနေနဲ့ အခုရာသီမှာ ရလဒ်ပိုင်းကျဆင်းခဲ့တာကြောင့် နည်းပြဂျာရတ်ကိုထုတ်ပယ်ပြီး အမ်မရီကို ခန့်အပ်ခဲ့ရာမှာ ကစားပုံတိုးတက်လာတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ ဒန်နီအင့်၊ အိုလီဝက်ကင်တို့ရဲ့ တိုက်စစ်စွမ်းဆောင်ရည်ကျဆင်းလာတာကြောင့် သူတို့အသင်း ဂိုးရဖို့ရုန်းကန်လာရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာတော့ ကစားကွက်ပိုင်းကောင်းပေမဲ့ ပြိုင်ဘက်ရဲ့တန်ပြန်တိုက်စစ်ကို ခံစစ်ကြောင်းက မတားဆီးနိုင်တာကြောင့် ဦးဆောင်ဂိုးတွေခွင့်ပြုရပြီး ရှုံးခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိသူတို့အသင်းအနေနဲ့ အမှတ်ပေးပြိုင်ပွဲ အဝေးကွင်းပွဲစဉ်တွေမှာ တစ်ပွဲပဲအနိုင်ရခဲ့သလို တိုက်စစ်ပိုင်းက သွင်းဂိုးငါးဂိုးပဲရရှိခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ၁၆ ဂိုးရှိနေတာကို သတိပြုရမှာပါ။ နည်းပြအမ်မရီဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ၄-၄-၂ ကစားကွက်ကိုအသုံးပြုပြီး တိုက်စစ်ပိုင်းမှာ ဘိုင်လီနဲ့ ဝက်ကင်တို့အတွဲကို အသုံးပြုနေပေမဲ့ အလုပ်မဖြစ်သေးသလို ခံစစ်ပိုင်းအားနည်းချက်ကိုလဲ မပြင်နိုင်ဘူးဆိုရင်တော့ စပါးအသင်းကို ဂိုးပြတ်ရှုံးနိမ့်မှာသေချာပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ စပါးအသင်းက အသာရနေတာကြောင့် နိုင်ပွဲရှာဖွေရမဲ့ အိမ်ရှင်စပါးအသင်းကို ရွေးချယ်ရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၂ | - | ၀ | စပါး |
| စပါး | ၄ | - | ၃ | လိဒ် |
| စပါး | ၄ | - | ၀ | မားသားဝဲလ် |
| စပါး | ၁ | - | ၁ | နီုက် |
| ဘရန့်ဖို့ဒ် | ၂ | - | ၂ | စပါး |

**အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကာဒစ် | ၃ | - | ၁ | အေဗီလာ |
| အေဗီလာ | ၂ | - | ၂ | ဘရိုက်တန် |
| ချဲလ်ဆီး | ၀ | - | ၁ | အေဗီလာ |
| အေဗီလာ | ၀ | - | ၁ | ဗီလာရီးရဲလ် |
| အေဗီလာ | ၁ | - | ၃ | လီဗာပူး |

### ချဲလ်ဆီးအနိုင်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ နော်တင်ဟမ်နဲ့ ချဲလ်ဆီးအသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နော်တင်ဟမ်အသင်းဟာ အခုနှစ်မှာ ပရီးမီးယားလိဂ်ကို တန်းတက်လာခဲ့ပေမဲ့ အမှတ်ပေးပွဲ ၁၆ ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ လေးပွဲသရေ၊ ကိုးပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၃ မှတ်နဲ့ တန်းဆင်းဇုန်ထဲရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဘောလုံးရာသီမစတင်ခင်ကတည်းက ပရီးမီးယားလိဂ်မှာ ဆက်လက်ကျန်ရှိဖို့ ကစားသမားဝယ်ယူမှုအများဆုံးပြုလုပ်ခဲ့ပေမဲ့ ကစားသမားသစ်တွေအထိုင်မကျမှုနဲ့ နည်းပြရဲ့နည်းစနစ်ပိုင်း အားနည်းချက်တွေကြောင့် အဆင့်(၁၉)မှာ ရပ်တည်နေတာတွေ့ရမှာပါ။ သူတို့အသင်းနည်းပြကူးပါးကတော့ ပြိုင်ပွဲစုံကို ၄-၃-၃ ကစားကွက်နဲ့ပွဲထွက်လေ့ရှိပြီး တိုက်စစ်အားပြုကစားတာကြောင့် ခံစစ်ပိုင်းအားနည်းသွားတာဖြစ်ပါတယ်။ နည်းပြကူးပါးကစားကွက်အောက်မှာ အေရွန်နီရီက ခြေစွမ်းပြပြီး သွင်းဂိုးသုံးဂိုးသွင်းယူနိုင်ခဲ့ပေမဲ့ အေရွန်နီရီဟာ အသင်းကြီးတွေနဲ့ပွဲစဉ်တွေမှာ ဂိုးရဖို့ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။

လက်ရှိ ချဲလ်ဆီးအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ပရီးမီးယားလိဂ်ငါးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့ပြီး အဲဒီနိုင်ပွဲကလဲ ပြီးခဲ့တဲ့ရက်ပိုင်းက ကစားခဲ့တဲ့ ဘုန်းမောက်အသင်းကိုဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ နည်းပြသစ်ဂရာဟမ်ပေါ်တာလက်ထက်မှာ ကစားပုံတိုးတက်လာပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ရှိနေဆဲဖြစ်ပါတယ်။ လက်ရှိမှာလဲ ခံစစ်ပိုင်းက အဓိကကစားသမားတွေဖြစ်တဲ့ ဗိုဖန်နာ၊ ရီစီဂျိမ်း၊ ချီဝဲလ်၊ ကွင်းလယ်က ကန်တီ၊ လော့တက်ချိခ်တို့ ဒဏ်ရာပြဿနာရှိနေတာကလဲ သူတို့အသင်းရဲ့ ကစားအားကို ကျဆင်းသွားစေတာတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းနည်းပြဟာ ပြီးခဲ့တဲ့ပွဲစဉ်က ခံစစ်မှာ ကူလီဘာလေ၊ သီယာဂိုဆေးဗား၊ ကွင်းလယ်က ဇာကာရီယာ၊ ဂျော်ဂျင်ဟိုတို့ကို တွဲဖက်အသုံးပြုပြီး တိုက်စစ်ပိုင်းမှာ ကိုင်ဟာဗက်၊ စတားလင်း၊ မေဆင်မောင့်၊ ပူလီဆစ်တို့ကို ပွဲထုတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ ကစားကွက်ပိုင်းသာလွန်ခဲ့သလို တိုက်စစ်မှူးတွေရဲ့လျှင်မြန်မှုတွေကြောင့် ဘုန်းမောက်အသင်းကို လွယ်ကူစွာနဲ့အနိုင်ရခဲ့တာပါ။ ဒါကြောင့် အခုပွဲစဉ်မှာလဲ ပြီးခဲ့တဲ့ပွဲစဉ်က ကစားကွက်အတိုင်း ပုံဖော်ကစားနိုင်မယ်ဆိုရင်တော့ ခံစစ်ပိုင်းပေးဂိုးအများဆုံးဖြစ်နေတဲ့ နော်တင်ဟမ်ကို နိုင်ပွဲရဖို့မခက်ပါဘူး။ အခုပွဲစဉ်မှာတော့ ခံစစ်ပိုင်းဆိုးရွားနေတဲ့ နော်တင်ဟမ်အသင်းအနေနဲ့ စတားလင်း၊ မေဆင်မောင့်၊ ကိုင်ဟာဗက်တို့အတွဲကိုမထိန်းချုပ်နိုင်ရင် ပေးဂိုးများသွားအုံးမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ထက်မြက်တဲ့ ချဲလ်ဆီးပဲ အနိုင်ရသွားမှာပါ။

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စတုတ် | ၂ | - | ၁ | နော်တင်ဟမ် |
| အိုလံပီယာကို့စ် | ၁ | - | ၀ | နော်တင်ဟမ် |
| ဗလင်စီယာ | ၁ | - | ၂ | နော်တင်ဟမ် |
| ဘလက်ဘန်း | ၁ | - | ၄ | နော်တင်ဟမ် |
| မန်ယူ | ၃ | - | ၀ | နော်တင်ဟမ် |

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၀ | - | ၁ | အာဆင်နယ် |
| မန်စီးတီး | ၂ | - | ၀ | ချဲလ်ဆီး |
| နယူးကာဆယ် | ၁ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၀ | - | ၁ | အေဗီလာ |
| ချဲလ်ဆီး | ၂ | - | ၀ | ဘုန်းမောက် |

### မိုနာကိုနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မိုနာကိုနဲ့ဘရက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မိုနာကိုအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းထက်မြက်လာတာကြောင့် ရလဒ်ပိုင်းတိုးတက်လာတာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၆ ပွဲကစားအပြီးမှာ ကိုးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၀ ထိစုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ အော့ဇေးကို တိုက်စစ်ဖွင့်ကစားပြီး သုံးဂိုးနှစ်ဂိုးနဲ့အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ အမ်ဘိုလို၊ ဘန်ရယ်ဒါတို့ကိုအထောင်ထားပြီး ပြိုင်ဘက်ကိုဖိအားပေးနိုင်ပေမဲ့ ခံစစ်ပိုင်းအားနည်းနေတာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ အခုပြိုင်ပွဲမှာ အိမ်ကွင်းရှစ်ပွဲကစားအပြီး သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ထားပေမဲ့ ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းတွေကိုတော့ အသာရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ ဘရက်လိုခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းနဲ့တွေ့ဆုံနေတာကြောင့် နိုင်ပွဲရှာဖွေဖို့မခက်ပေမဲ့ ခံစစ်ပိုင်းမပြင်နိုင်ရင်တော့ ဂိုးပေးရအုံးမှာပါ။ ဒါပေမဲ့ မိုနာကိုအသင်းဟာ ဘရက်အသင်းကိုဧည့်ခံကစားခဲ့တဲ့ နောက်ဆုံးသုံးပွဲမှာတော့ ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။

နောက်ဆုံးငါးပွဲမှာ တစ်ပွဲပဲအနိုင်ရထားတဲ့ ဘရက်အသင်းကတော့ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် တန်းဆင်းဇုန်ထဲရောက်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၆ ပွဲကစားအပြီးမှာ နိုင်ပွဲသုံးပွဲပဲ ရရှိထားတာဖြစ်ပါတယ်။ သူတို့အသင်းအနိုင်ရခဲ့တာကလဲ ထရွိုင်းယက်၊ အန်ဂါ၊ ကလဲယားမောင့်အသင်းတို့ဖြစ်ပြီး ကျန်အသင်းတွေကိုတော့ အနိုင်ရခဲ့ခြင်းမရှိပါဘူး။ ဘရက်အသင်းနည်းပြဟာ ကစားသမားအင်အားတောင့်တင်းမှုမရှိပေမဲ့ အသင်းကြီးတွေနဲ့ဆုံချိန်မှာလဲ ခံစစ်အသားပေးကစားခြင်းမရှိတာကြောင့် ရှုံးပွဲတွေဆက်နေတာဖြစ်ပါတယ်။ ဒါ့ပြင် သူတို့အသင်းရဲ့ ခံစစ်ပိုင်းကလဲ နောက်ဆုံးငါးပွဲမှာ ၁၂ ဂိုးထိရှိခဲ့ပြီး ပွဲတိုင်းဂိုးပေးခဲ့ရတာကို သတိပြုရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ဘန်ရယ်ဒါ၊ အမ်ဘိုလိုတို့ဦးဆောင်လာမဲ့ မိုနာကိုတိုက်စစ်ကို ခံစစ်ပိုင်းဆိုးရွားနေတဲ့ ဘရက်အသင်းပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်တာကြောင့် အိမ်ရှင်မိုနာကိုနဲ့ပဲ လက်တွဲရမှာပါ။

**မိုနာကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၁ | မိုနာကို |
| အမ်ပိုလီ | ၀ | - | ၁ | မိုနာကို |
| ဖီအိုရင်တီးနား | ၁ | - | ၁ | မိုနာကို |
| လိဒ် | ၂ | - | ၄ | မိုနာကို |
| အော့ဇေး | ၂ | - | ၃ | မိုနာကို |

**ဘရက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နီုက် | ၁ | - | ၀ | ဘရက် |
| ဘရက် | ၂ | - | ၁ | ထရွိုင်းယက် |
| အိုဆာဆူနာ | ၃ | - | ၀ | ဘရက် |
| ရင်းနက် | ၃ | - | ၁ | ဘရက် |
| ဘရက် | ၁ | - | ၄ | လိုင်ယွန် |

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၅၆၉၂ ဧက စိုက်ပျိုးပြီးစီး



**ရွှေဘို ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ၂၅၆၉၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ဧက ၂၇၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၆၉၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းရာသီ ရွှေဘိုခရိုင်မှာ ဂျုံဧက ၂၇၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ကနေ့ထိ ၂၅၆၉၂ ဧက စိုက်ပြီးသွားပြီ။ ရွှေဘိုခရိုင်မှာ ဂျုံစိုက်ပျိုးမှုကတော့ ဝက်လက်မြို့နယ်က အများဆုံး စိုက်ကြတာပါ။ ဂျုံသီးနှံစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် ဂျုံသီးနှံဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၇၂ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၂၅၆၂၀ စုစုပေါင်း ၂၅၆၉၂ ဧကစိုက်ပျိုးပြီး စီးနေပြီဖြစ်ကြောင်း၊ ဂျုံတစ်ဧက စိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် ၃၀၀၀၀၀ ခန့်ရှိပြီး ဂျုံတစ်ဧက စိုက်ပျိုးပါက ၂၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဂျုံသီးနှံ စိုက်ပျိုးမှုကတော့ အထွက်နှုန်းတိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ အသိပညာပေး ဆောင်ရွက်ပေးတယ်။ ဂျုံသီးနှံကို နှစ်စဉ် အောက်တိုဘာလနဲ့ ဒီဇင်ဘာလတွေမှာ စိုက်ပျိုးကြတယ်။ ဖေဖော်ဝါရီလ၊ မတ်လနဲ့ ဧပြီလတွေမှာ ထွက်ပေါ်ကြတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ ဂျုံစိုက်ပျိုးရာမှာလဲ အခြားသီးနှံထက် ပိုဂရုစိုက်ရတယ်"ဟု ရွှေဘိုမြို့နယ် ဂျုံစိုက်တောင်သူ ဦးအောင်သူက ပြောပြသည်။

ဂျုံသီးနှံ စိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် မော်လိုက်ခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကသာခရိုင်တို့ဖြစ်ပြီး စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)

# မဘိမ်းမြို့နယ် ဘဟဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မဘိမ်း ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဘဟဲကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘဟဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

မဘိမ်းမြို့နယ် ဘဟဲကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဘဟဲကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရာသီမရွေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်က ပြောပြ၍ သိရသည်။

**ကျော်စိုး**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်














## ဝန်ထမ်းအလိုရှိသည်

### သွပ်ပြားဆိုင်အတွက်

- **ဆိုင်ဝန်ထမ်း (၅)ဦး**
- **စာရင်းကိုင်အကူ (၁)ဦး**
- အခြေခံလစာ (၁၉၅၀၀၀/-)
- ရုံးချိန်အတွင်း ဆက်သွယ်ရန်
- ဖုန်း ၀၉-၆၅၀၅၃၀၀၆၅


## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ အ.ထ.က၊ ပလစ(၂) Grade-10(A)တွင် ပညာသင်ကြားနေသော မောင်ဝေဖြိုးလွင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနန္ဒာမင်း ဖြစ်ပါကြောင်း။

**ဦးနန္ဒာမင်း(၉/မရတ(နိုင်)၀၀၄၄၃၁)**

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့နေ အေးပေါင်း (ဘ) ဦးဆမ်ဒူး (၁၃/လရှမ(နိုင်)၀၆၄၉၈၁) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

ပြည်မြို့နေ မမွန်ကြည်ဖြူ (ဘ) ဦးစိန်ဝင်းမောင် (၇/ပမန(နိုင်)၁၅၅၄၅၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၆၁၁၅၂၄၃

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



“အဂတိပယ်ခွာ ပြည်သာယာ”

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ နိုင်ငံတစ်ခုသည် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးအားနှင့် ကာကွယ်ရေးစွမ်းအားကောင်းရန်လို…

❖ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်…

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပပြုလုပ်သည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုများမှ ကောက်နုတ်ချက်)**

## ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ**

**အသိပေးကြေညာချက်**

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန်လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်




**မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်ပွဲပြုလုပ်စဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၃၀**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုနှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချဆန္ဒထုတ်ဖော်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး **စာမျက်နှာ ၁၈ ကော်လံ ၄** ☆

## နှစ်သစ်ကို ကြိုဆိုသည့် ဂီတဖျော်ဖြေပွဲ(New Year Countdown Music Show)များကို MRTV ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် နိုင်ငံတကာနှစ်သစ်ကို ကြိုဆိုသည့် ဂီတဖျော်ဖြေပွဲ (New Year Countdown Music Show)များကို ဒီဇင်ဘာ ၃၁ ရက် ညတွင် နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်းကောင်း၊ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင်လည်းကောင်း၊ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင်လည်းကောင်း ကျင်းပကြမည်ဖြစ်သည်။

အဆိုပါဖျော်ဖြေပွဲတွင် နိုင်ငံကျော်အဆိုတော်များ ပါဝင်တင်ဆက်ခြင်း၊ နှစ်သစ်ကူးချိန်ဖြစ်သည့် ည ၁၂ နာရီတွင် နှစ်သစ်ကူးပြောင်းရန်အချိန်ရေတွက်ကြေညာ၍ **စာမျက်နှာ ၂၂ ကော်လံ ၄** ❖

Card Services
- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှန်
မြဝတီဘဏ်




Phone No :
(01) 2301367, 2301368, 2301452, 2301378